
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဒိုစာ

## ဘင်ပုပ်ငရဲကျခံရတဲ့မိစော

ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြဲ-၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇-လမ်း။
ဗ-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်
ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃
မဒိုစာ
ဘင်ပုပ်ငရဲကျခံရတဲ့မိစော/မဒိုစာ-ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၄
၁၅၂ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) ဘင်ပုပ်ငရဲကျခံရတဲ့မိစော

www.burmeseclassic.com

www.burmeseclassic.com



## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပျံစံအိမ်
၉။ ခုတင်နံ့ပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

၂၂။ ရွှေတောင်ရှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ ...ည
၃၉။ ချစ်တီးတိုက်
၄၀။ သချိုင်းကုန်းက ...ဟိုတယ်ကြီး
၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ
၄၂။ ကျောက်ကြီးမောင်နှမ

ယခု

**ဘင်ပုပ်ငရဲကျခံရတဲ့မိစော**

# ဘင်ပုပ်ငရဲကျခံရတဲ့မိစော

## မဒိုတာ

www.burmeseclassic.com

www.burmeseclassic.com

# ငရဲကြီးရှစ်ထပ်

(၁) သိဉ္ဇီဝငရဲ

(၂) ကာလသုတ်ငရဲ

(၃) သင်္ဃာတငရဲ

(၄) ရောရုဝငရဲ

(၅) မဟာရောရုဝငရဲ

(၆) တာပနငရဲ

(၇) မဟာတာပနငရဲ

(၈) မဟာအဝီစိငရဲ

ထိုငရဲကြီးရှစ်ထပ်ရဲ့ဘေးမှာ ဝိုင်းရံနေတဲ့ ငရဲငယ်လေးတွေ လည်း ရှိနေပါသေးတယ်။

ငရဲကြီးတစ်ဘုံမှာ ငရဲငယ်ပေါင်း (၃၂) ခု ဝန်းရံနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရေကြီးရှစ်ထပ်ဆိုတော့ ရေငယ် (၂၅၆) ခု ရှိနေပါတယ်။

အခုရေးမယ့်စာအုပ်ဟာ ကံကြီးထိုက်ပြီး မဟာအဝီစိငရဲမှ တစ်ဆင့် ရေငယ်တစ်ခုဖြစ်တဲ့ "ဘင်ပုပ်" ငရဲမှ ငရဲကျခံရတဲ့ ...

မိန်းကလေးတစ်ယောက်ရဲ့ဇာတ်လမ်းပါ။

စာဖတ်သူလူငယ်တွေအတွက် ပညာပေးဖြစ်ရပ်မှန်ဇာတ်လမ်း ဆိုလည်း မမှားပါဘူး။

❒ ❒ ❒

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဒေသ သရက်ကုန်းရွာရဲ့ရွာထိပ်ရှိ ဖက်ရွက်
မိုးတဲလေးအတွင်းဝယ် ...

"ဟဲ့ မိစော ... မိစော ... ထစမ်းအေ၊

နေဖင်ထိုးတော့မယ်ဟဲ့ ... မိန်းကလေးဖြစ်ပြီး



ဒီလောက် အအိပ်ကြမ်းရသလား၊

ထဘီက ခေါင်းတက်စွပ်တော့မယ်၊

မိစော ... ဟဲ့မိစော ... အမြင်မတော်အောင်

အိပ်နေတယ်၊ ထဆို ... တော်ကြာ ...

နင့်မောင်နဲ့ညီမ ထတော့မှာ၊ ထစမ်းအေ"

ဒေါ်ဖွားအိုက ထိုသို့ပြောပြီး မိစောရဲ့ခေါင်းကို ခေါင်
ခနဲမြည်အောင် ခေါက်လိုက်တယ်။

"ဟ ... ဘာလို့ခေါက်တာလဲဗျ၊

နာလိုက်တာဗျာ၊ ခင်ဗျားကြီးဟာ

ကျက်သရေသိပ်မဲ့တာပဲ၊ ကျုပ်ဟာကျုပ်

အိပ်တာ ဘာဖြစ်လဲ၊

တောက်"

မိစောရဲ့ရိုင်းပျတဲ့စကားကြောင့် ဒေါ်ဖွားအိုဟာ ရှု
ဘတ်ဖိရင်း ...

"အမယ်လေး မိစောရယ် ...

www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး မအေကို

ဘယ်လိုပြောလိုက်တာတုန်း၊

ဘုရား ဘုရား ... နင်တော့

အဝီစိချိုးကပ်တော့မယ် မိစောရဲ့”

လို့ မချိတင်ကဲ ရေရွတ်လိုက်တယ်။

မိစောက အိပ်ရာက ဆောင့်ကြီးအောင့်ကြီးအမူအရာနဲ့ ထ,လိုက်ရင်း ...

“ဘာချိုးကပ်မှာလဲ ... ထမင်းချိုးလား၊

သွားစမ်းပါ၊ မိုးလင်းတာနဲ့ နားငြီးတယ်၊

ကျုပ်က တော်ကြီးတို့တစ်မိသားစုလုံးကို

ရှာကျွေးနေတာနော်၊ ကျုပ်သာ ရှာမကျွေးရင် ...

ခင်ဗျားတို့အားလုံး ငတ်သေတဲ့မသာစာရင်း

ဝင်သွားမယ်၊ စကားကို သတိထားပြော ... ဟင်း”

လို့ ပြောလိုက်တယ်။ ဒေါ်ဖွားအိုဟာ မျက်ရည်လည် မတတ် ခံစားသွားရှာပြီး ...



“သြော် ... မိစော ... မိစော ...

အမေအိုနဲ့ အရွယ်မရောက်သေးတဲ့

မောင်နှမတွေကို ရှာကျွေးရတာ

သူ့အတွက် ဝန်လေးနေပါလား၊

ဟင့် ... ဟင့် ... သွားလေသူ

ကိုဖိုးရွှေကြီးရေ ... ကျုပ်တို့တစ်သက်လုံး

ဈေးတောင်းခေါင်းရွက်ပြီး ကြီးပြင်းအောင်

မွေးလာတဲ့ ကျေးဇူးတွေကို

တော့သမီးကြီးက ကမ်းကုန်အောင်

ဆပ်နေပြီတော့၊ ရှင်ပြောတော့

သမီးမိန်းကလေးမွေးမှ ကိုယ့်ကို

ပြန်ကြည့်မှာဆို ... ခုတော့

ကြည့်တော့ ကြည့်ပါရဲ့ ...သံပူတွေ

စားနေရတဲ့အတိုင်းပါလား ကိုဖိုးရွှေရဲ့၊

ဟီး ... ဟီး ... ဟီး”

www.burmeseclassic.com

www.burmeseclassic.com



လို့ ဝမ်းပန်းတနည်း ငိုကြွေးလိုက်တယ်။

မိစောက မျက်နှာသစ်နေရာက ကြားသွားပြီး အသံကုန်အော်ဟစ်ပြောလိုက်တယ်။

“အမယ်လေးနော် ...

ကြားလို့မှ ကောင်းကြသေးရဲ့လား၊

အိမ်များ မသာအိမ်ကျနေတာပဲ၊

ဒါ့ကြောင့် မနေချင်တာ၊

တိတ်စမ်း ... ပြိတ္တာမကြီးလို ငိုမနေနဲ့တော့”

သမီးဖြစ်သူရဲ့အပြောကြောင့် ဒေါ်ဖွားအိုဟာ ရင်ထဲပိုမိုနာကျင်သွားရရှာတယ်။

ဒီအချိန်မှာပဲ မောင်နှမတွေ နိုးလာပြီး ...

“မငိုပါနဲ့တော့ အစ်မရယ်၊

မစောက ရိုင်းတာ အစ်မလည်း

သိတာပဲ၊ သူက ဒီလိုပဲပြောတတ်တဲ့ဟာ၊

တိတ်ပါတော့နော် အစ်မ”



ခုနစ်တန်းကျောင်းသား သားလတ်မောင်မွေးက မိခင်ကိုနှစ်သိမ့်ရှာတယ်။

ငါးနှစ်အရွယ်သာရှိသေးတဲ့ သမီးငယ်လုံးလုံးက မိခင်ရဲ့ ရင်ခွင်ထဲတိုးဝင်ပြီး ...

“အစ်မ ... တိတ်ပါ၊ အစ်မငိုရင်

လုံးလုံးလည်း ငိုချင်တယ်၊

မစောက သိပ်ဆိုးတယ်နော်၊

သူသာ လုံးလုံးတို့လို လိမ္မာရင်

အစ်မ ငိုရမှာမဟုတ်ဘူး ... ငိုနဲ့”

လို့ မျက်ရည်လည်ပြီး ပြောလာတယ်။

ဒေါ်ဖွားအိုက အရွယ်နဲ့မလိုက်အောင် သိတတ်တဲ့ သလေးနှစ်ယောက်ကိုကြည့်ရင်း ...

မချိပြုံး ပြုံးလိုက်မိတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

**ရွာတောင်ပိုင်းရှိ** ဒေါ်ရင်ကြည်ဆေးလိပ်ခုံ ...

အလုပ်ချိန်ကျနေပြီဖြစ်တဲ့အတွက် အလုပ်သမ,အားလုံး ဆေးလိပ်ခုံမှာ ရောက်နေကြပြီ။

ခုံပိုင်ရှင်ဒေါ်ရင်ကြည်ဆိုတဲ့မိန်းမဝကြီးက အလုပ်သမ,

www.burmeseclassic.com

www.burmeseclassic.com



တွေကို လိုက်လံကြည့်ရှုပြီး ...

"ဟဲ့ ... ဖက်ချိုးတဲ့ မိစောတစ်ယောက်

မရောက်သေးဘူးလားဟေ့"

လို့ အသံစာစာနဲ့ မေးလိုက်တယ်။

"ဒေါ်ကြီးရင်ရေ ... ကျုပ်မသေသေးဘူး၊

ရောက်ပြီတော့၊ တကတဲ ...

နည်းနည်းလေးနောက်ကျတာနဲ့

အာကျယ်ချင်တာ အရင်ပဲ၊

ရောက်ပြီ ... ရောက်ပြီ"

မိစောက ဘောက်ဆတ်ဆတ်ပြောရင်း သူ့နေရာမှာ ဝင်ထိုင်လိုက်တယ်။ ဒါကို ဒေါ်ရင်ကြည်က မကျေနပ်ဘဲ ...

"ဟဲ့ မိစော ... ငါက ညည်းရဲ့အလုပ်ရှင်ပါ၊

ညည်း ဒီလိုပြောစရာ မလိုဘူးအေ့၊

ညည်းအမေရဲ့မျက်နှာကြောင့် ညည်းတို့မိသားစု

ထမင်းငတ်မှာစိုးလို့ အလုပ်ပေးထားတာ၊



စကားပြောတာ ဆင်ခြင်စမ်း၊

နောက်တစ်ခါဆို ဘယ်မျက်နှာမှမထောက်ဘူး၊

မှတ်ထား"

လို့ ပြောဆိုပြီး ထွက်သွားတယ်။

မိစောက ဖက်တွေကို ဆောင့်ကြီးအောင့်ကြီးအမူအရာနဲ့ ယူလိုက်ရင်း ...

"အလကားမိန်းမကြီး ... ခုပိုင်ရှင်ဆိုပြီး

လေဟပ်နေတာ၊ ဒင်းဆီမှာ မလုပ်ရလည်း

တခြားခုံ လုပ်မှာပေါ့၊ တောက် ...

သက်သက်မဲ့ ကြောသွားတာ၊

ဒီလိုစောက်ပြောခံရတာ အိမ်ကဟာတွေကြောင့်၊

အလကား အိမ်မှာ ထိုင်စားဖို့ပဲသိတဲ့ဟာတွေ"

မိစောရဲ့တဗျစ်တောက်တောက်ရေရွတ်သံကြောင့် နံဘေးရှိ မလှက ...

"မိစောရယ် ... စောစောစီးစီး ဒီလောက်လည်း

www.burmeseclassic.com



မေတ္တာတွေပို့မနေပါနဲ့၊

နေပါဦး ... နင့်ကို ဒေါ်ရင်ကြည်ဆူတာ

နင့်အိမ်နဲ့ ဘာဆိုင်လို့တုန်းဟ”

လို့ မေးလိုက်တယ်။

မိစောက နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပြီး ...

“မိစောဆိုတဲ့ကျုပ်က အပျိုနုနုလေးတော့်၊

ကလေးနှစ်ကောင်နဲ့အဖွားကြီး စားသောက်ဖို့

ရှာကျွေးနေတာ တန်လို့လား၊

ဒင်းတို့ကိုသာ ရှာမကျွေးရရင် ...

ကျုပ် ကော့နေအောင် နေလို့ရတယ်အေ့”

မိစောစကားကြောင့် မလှဟာ မျက်လုံးပြူးသွားမိတယ်။

“ဟယ် မိစော ... ဒီလိုမပြောရဘူးလေ၊

အမေအိုကြီးနဲ့မောင်နှမတွေကို ရှာကျွေးရတာ

ဘယ်လောက်ထူးတဲ့ကုသိုလ်လဲ၊

နင် ငရဲကြီးမယ်နော်”



မိစောက ဟက်ဟက်ပက်ပက် ရယ်မောလိုက်တယ်။

“ဟား ဟား ဟား ... ဘာငရဲလဲ၊

ငရဲဆိုတာ ချိုကြီးနဲ့လား၊

သွားစမ်းပါ မိလှရာ၊

လူဟာ သေရင် ပြီးပြီ ... ဒါပဲ၊

ကဲ ကောင်မရေ ... ငါ

ဖက်တွေ သွားယူဦးမယ်”

မိစောက ပြောဆိုရင်း ထသွားတယ်။

“မိစောတို့က ပါးစပ်ကြမ်းရုံတင်မကဘူး၊

ငရဲပါ မကြောက်ဘူးဟ၊

မိဘကိုလည်း ရစရာမရှိအောင်

ပြောတတ်တယ်၊ ဒီဟာမ, သေရင်

လူတောင်ဖြစ်မှာ မဟုတ်ဘူး”

“ဟုတ်တယ်အေ့၊

အနေကြမ်း၊ ပါးစပ်ကြမ်း,ကြီးနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတဲ့ ပျော့ပျောင်းမှု

ဘယ်နေရာမှာမှမရှိဘူး၊

ဒင်းရတဲ့လင်တော့ မိုးပြိုပြီးပဲအေ့"

"ဟီးဟီး ... ညည်းတို့ကလည်းဟာ

တို့လိုချောတဲ့လူတွေတောင် လင်မရသေးတာ၊

မိစောရုပ်လည်း ကြည့်ပါဦး ...

ကျောက်ပေါက်မာဗရပျစ်နဲ့၊

အသားကလည်း မည်းသေးတော့၊

ကြည့်မကောင်းတဲ့ရုပ်ကြီးနဲ့ ဒေါသက

အချိန်ပြည့်ထွက်နေတော့၊

ဟီး ... သူ့ပုံက မယ်ကုဝဏ်

သံပုရာသီး မျိုထားတဲ့ ရုပ်ကြီးအေ့"

အလုပ်သမ,တွေဟာ ထိုသို့အတင်းပြောရင်း ဝါးခနဲ ရယ်မောလိုက်ကြတော့တယ်။

❒❒❒

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

"အစ်မရေ . . . အစ်မ . . .

ကျုပ် ဗိုက်ဆာပြီ၊

ထမင်းပြင်ပေးစမ်းပါ အစ်မ"

မိစောက အလုပ်ကနေ အိမ်ရောက်ရောက်ချင်း အော်



ပြောလိုက်တယ်။

ဒေါ်ဖွားအိုက တဲရှေ့ ကပြင်လေးဆီ ထွက်လာပြီး ...

"အစ်မလည်း ထမင်းအိုးတည်ဖို့

တွေးနေတာပါ"

လို့ ပြောလိုက်တဲ့အခါ မိစောရဲ့မျက်နှာ တင်းမာသွားပြီး

"ဘာ ... အချိန်လည်း ကြည့်ပါဦးဗျ၊

ညနေငါးနာရီကျော်နေပြီ၊

ခုထိ ထမင်းမတည်ဘဲ

ဘယ်လျှောက်အလေလိုက်နေလို့လဲ၊

အမိပွာယ်မရှိဘူး"

ဒေါ်ဖွားအိုက မျက်နှာငယ်လေးနဲ့ ...

"ဘယ်မှမသွားပါဘူး မိစောရယ်၊

ထမင်းတည်ဖို့ အိမ်မှာ ဘာမှမရှိဘူးလေ၊

ဒါ ... ဒါ့ကြောင့်ပါ"

လို့ ပြောလိုက်တဲ့အခါ မိစောက ...

www.burmeseclassic.com

www.burmeseclassic.com



“ဟာ … မနေ့ကပဲ ငွေတစ်ထောင်

ပေးထားတယ်၊ ဒီနေ့မရှိဘူးဆိုတော့

ခင်ဗျားကြီး နှစ်လုံးထိုးလိုက်လို့လား”

ဒေါ်ဖွားအိုက လက်ကလေးကာပြီး …

“အို မိစောရယ် … အစ်မက

ဒါမျိုးတွေ မလုပ်တတ်ပါဘူး၊

မနက်က ညည်းမောင်လေး

စာအုပ်ဖိုးအတွက် ငွေပေးလိုက်ရလို့ပါကွယ်”

လို့ ပြောလိုက်တယ်။

မိစောက ထဘီကို ပေါင်ထိဆွဲမ,ယူရင်း ကွပ်ပျစ်ပေါ်

ထိုင်ချလိုက်တယ်။

“ကျွတ် … စိတ်ပျက်ဖို့ကောင်းချက်၊

ကျုပ်က အပျိုလေးပါ၊

အပျိုဖြစ်ပြီး ကလေးကျောင်းစရိတ်တွေ

ထောက်နေရတာ လက်မခံနိုင်တော့ဘူး၊



ဒီမယ် အစ်မ … ကျုပ် အပြတ်ပြောမယ်၊

အစ်မကလေးတွေကို သူတို့ဟာသူတို့

ကျောင်းစရိတ် ရှာခိုင်းတော့၊

ကျုပ် ရှာမပေးနိုင်တော့ဘူး”

“ဘယ်လိုပြောလိုက်တာလဲ မိစောရယ်၊

ဒီကလေးနှစ်ယောက်က ညည်းနဲ့

တစ်ဖင်တည်းထွက်ထားတဲ့

မောင်နှမအရင်းတွေပါ၊

လက်လွှတ်စပယ်မပြောပါနဲ့”

“တစ်ဖင်တည်းမကလို့ ဆယ်ဖင်ထဲကထွက်ထွက်၊

ကျုပ် ဂရုမစိုက်ဘူး၊ စားဖို့ရှာပေးပြီးပြီပဲ၊

ကျုပ်က ဆေးလိပ်ခုံက အလုပ်သမဗျ၊

သူဌေးကတော်ကြီး မဟုတ်ဘူး၊

ခင်ဗျားကြီးရဲ့ကလေးတွေကို

ကျောင်းစရိတ် လုံးဝမပေးနိုင်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်လည်း လဲသေလိုက်ကြ”

သမီးဖြစ်သူရဲ့ရန့်ရင်းကြမ်းတမ်းတဲ့စကားတွေကြောင့် ဒေါ်ဖွားအိုတစ်ယောက် ငိုကြွေးရုံကလွဲလို့ ဘာမှမတတ်နိုင်ရှာဘူး။

မိစောက ထိုင်ရာက ထရပ်လိုက်ပြီး ...

“ဒီမယ်အစ်မ ... ခင်ဗျားဟာလေ
အငယ်တွေထိရင် မျက်ရည်ကျဖို့ပဲသိတယ်၊
ထပ်ပြောမယ်၊ ကျုပ် မနေ့ကပေးတဲ့ငွေကို
ကျောင်းစရိတ် သုံးလိုက်ပြီ မဟုတ်လား၊
ဒီတော့ ... ဒီည ဗိုက်မှောက်ပြီးနေကြ၊
ကျုပ် ပြန်မအိပ်ဘူး ... ဒါပဲ”

လို့ ပြောပြီး ခြေဆောင့်နင်းထွက်သွားတယ်။

မိစော ထွက်သွားတော့ သားတဲက ဒေါ်ဘုမ ရောက်လာပြီး ...

“ငိုနေလို့ပြီးမလား မဖွားရယ်၊



ငါ အားလုံးကြားပါတယ်၊
နင့်သမီးမိစောက ဘယ်လိုမှ ချွတ်မရတဲ့
တစ္ဆေအရိုင်းကြီး ဖြစ်နေပြီ၊
အင်း ... သားသမီးရိုင်းတော့လည်း
မိဘတွေ ရင်ထုမနာဖြစ်ရတာပေါ့အေ”
လို့ ဖျောင်းဖျစကားဆိုတယ်။

“ကျုပ်က ကျုပ်ကို ကြိုက်သလောက်ရိုင်းပါ၊
မိခင်မေတ္တာစိတ်နဲ့ သည်းခံနိုင်တယ်တော့၊
အငယ်တွေက လူလားတောင် မမြောက်သေးဘူး၊
ကျောင်းစရိတ် ဘယ်လိုရှာနိုင်မှာလဲတော့၊
သူ့အဖေ ရှိစဉ်တုန်းက သူ့ကို
ရှစ်တန်းထိရောက်အောင်၊
ကျုပ်တို့ ဈေးတောင်းရွက်ပြီး သင်ပေးခဲ့တာပါ၊
ကျုပ် ရင်ထဲမချိဘူး ဒေါ်ဘုမရယ်၊
ဟင့် ... ဟင့်”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖွားအိုရဲ့အဖြစ်ကိုကြည့်ရင်း ဒေါ်ဘုမဟာ စိတ်မကောင်းဖြစ်သွားတယ်။

"ကိုဖိုးရွှေကြီးရှိတုန်းက နင်တို့
ဘယ်လောက်ရုန်းကန်ခဲ့သလဲဆိုတာ
ငါ အသိပါ၊ မိစောက ရိုင်းစိုင်းကြမ်းကြုတ်တယ်၊
ဒါပေမဲ့အေ ... တောင်းစုတ်ပလုံးစုတ်ပဲ
ပစ်ရိုးထုံးစံရှိတာလေ၊ သားသမီးဆိုတာ
ပစ်ပယ်လို့မရဘူး မဖွားရဲ့၊
တစ်နေ့တော့ မိစော အမြင်မှန်ရလာမှာပါဟာ၊
နင်လည်း မိစောစိတ်နဲ့ ရောဂါရတော့မှာပဲ၊
ဟင်း ... သမီးဆိုးရထားတဲ့မိဘရဲ့ဘဝက
ရင်မောဖို့ကောင်းချက်အေ"

□□□

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

"ဗို့ ဒေါ်ဝက်မ . . .
ကျုပ်ကို အသုပ်တစ်ပွဲပေး"
မိစောက ခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်တယ်။
"အလို ... မနက်ပိုင်းပဲ အသုပ်စားနေကျလူက



ညနေလာစားတော့ ထူးဆန်းပါလား၊
ညည်း ကံကောင်းတယ်အေ့၊
ဒီမှာ တစ်ပွဲစာပဲ ကျန်တော့လို့
ဆိုင်သိမ်းဖို့တောင် ပြင်နေတာ"
ဒေါ်ဝက်မက အသုပ်တစ်ပွဲ ပြင်ပေးလိုက်တယ်။
"ဟဲ့ ... ဖြည်းဖြည်းစားပါဟဲ့၊
ကျားလိုက်တဲ့အတိုင်း စားနေလိုက်တာ"
"ကျားလိုက်တာမဟုတ်ဘူး၊
စိတ်တိုနေတာ၊ လူသတ်ချင်နေတာဗျ"
ဒေါ်ဝက်မက ပုလင်းထဲက အရည်ကို မော့သောက်လိုက်ပြီး ...
"နင် စိတ်မတိုတဲ့အချိန် ရှိသေးလို့လားအေ့၊
နေပါဦး ... ညည်းက ဘယ်သူ့ကို
သတ်ချင်နေတာလဲ"
လို့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိစောက အသုပ်ကို ပလုပ်ပလော်င်းစားရင်း ...

"ကျုပ်အိမ်က လူတွေကို"

လို့ တုံးတိကြီး ဖြေလိုက်တယ်။

ဒေါ်ဝက်မက မျက်လုံးပြူးသွားပြီး ...

"ဘယ်လိုပြောလိုက်တာလဲ မိစောရယ်၊

အိမ်မှာက နှင့်အမေနဲ့မောင်နှမတွေပဲ

ရှိတဲ့ဟာ၊ နှင်တော့ အဝီစိ ချိုးကပ်တော့မယ်"

လို့ ပြောပြီး ပုလင်းကိုမော့လိုက်ပြန်တယ်။

"ချိုးကပ်လည်း အကပ်ခံလိုက်မယ်ဗျာ၊

အလကား ထိုင်စားနေတဲ့ဟာတွေ၊

နေပါဦး ... တော်က ဘာအရေတွေ

မျိုနေတာတုန်း၊ ရောက်တည်းက ကြည့်နေတာ

ပုလင်းမော့လိုက် ပြန်ချလိုက်နဲ့"

"ကျုပ်က တစ်နေကုန် စျေးရောင်းရတာလေ၊

ဒါ့ကြောင့် ... အပန်းဖြေဆေးလေး



သောက်နေတာ ... ဟာဟ"

"ဘာအပန်းဖြေဆေး ဟုတ်လား၊

ပြစမ်းပါဦး၊ ကျုပ်လည်း

တစ်နေကုန် ဖက်ချိုးရတာ ... ပင်ပန်းတယ်"

"အေး ... ဒါဆို ညည်းလည်း သောက်ကြည့်၊

တစ်ကိုယ်လုံး ပူထူပြီးတော့ကို လန်းသွားမယ်၊

ဟာဟ"

မိစောက ပုလင်းဆွဲယူပြီး မော့သောက်လိုက်တယ်။

"အား ... အမယ်လေး ... လေး၊

ဘယ်လိုကြီးလဲ ... ဆိုးလိုက်တာ"

မိစောဟာ အရည်တွေကို ထွေးထုတ်ရင်း အော်ဟစ်လိုက်တယ်။

"ဟဲ့ ... ဒါက မီးတောက်လို့ခေါ်တယ်၊

ညည်းက အူနုသေးလို့ပါအေ၊

အူရင့်သွားရင် အဝင်ချိုသွားလိမ့်မယ်အေ့"

www.burmeseclassic.com

www.burmeseclassic.com



မိစောက မျက်နှာရှုံ့မဲ့ပြီး ...

"ဒေါ်ဝက်မဟာကြီးကဗျာ ...

ကျုပ် အသုပ်တွေတောင်

ပြန်အမ်းထွက်ချင်နေပြီ"

ဒေါ်ဝက်မက ဇလုံတွေ၊ ဗန်းတွေကို သိမ်းဆည်းရင်း...

"ကဲ ... ကျုပ်လည်း ပြန်တော့မယ်၊

ငါ့မီးတောက်ကို မဏောင်းပြောတဲ့ နင်လည်း ပြန်တော့"

လို့ ပြောလိုက်တယ်။

"ကျုပ် အိမ်မပြန်ချင်ဘူး ဒေါ်ဝက်မရာ၊

ဒင်းတို့မျက်နှာတွေမြင်ရင် စိတ်ဆင်းရဲတယ်"

"ကဲ ... ဒါဆိုရင်လည်း ငါ့ကို ဝိုင်းကူပေး၊

ငါ့အိမ်ကို လိုက်အိပ်ပေတော့"

ဒီနောက်မှာတော့ မိစောတစ်ယောက် အသုပ်သည် ဒေါ်ဝက်မအိမ်ကို လိုက်သွားတော့တယ်။

ညရှစ်နာရီကျော်ချိန်ထိ မိစော ပြန်မလာတဲ့အတွက်



ဒေါ်ဖွားအိုဟာ စိတ်ပူနေရှာတယ်။

ဒါ့ကြောင့် မောင်မွေးနဲ့လုံးလုံးကို ရွာထဲလိုက်ရှာခိုင်းတယ်။

မောင်နှမနှစ်ယောက်သား ရွာလမ်းအတိုင်း အစ်မဖြစ်သူကို ရှာဖွေကြတယ်။

"ဟဲ့ ... လုံးလုံးတို့ပါလား၊

မှောင်ကြီးထဲ ဘယ်သွားကြမလို့လဲ၊

အောက်ကြည့်သွားကြနော်၊

ပိုးကောင်တွေ နင်းမိနေဦးမယ်"

ကာလသားခေါင်းကိုပြောင်ရဲ့အသံကြောင့် မောင်မွေးက

"မစောကို လိုက်ရှာနေတာခင်ဗျ၊

ဦးရိုး တွေ့မိလားဟင်"

လို့ အသံပြုလိုက်တယ်။

"ညနေကတော့ တွေ့သွားကွ၊

အသုပ်သည် ဒေါ်ဝက်မကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သိမ်းပေးနေတာ တွေ့တယ်၊

မင်းတို့ သူ့သွားမေးကြပါလား"

"ဟုတ် ... ကျေးဇူးနော် ဦးရီး၊

သွားဦးမယ်ဗျ"

မောင်နှမနှစ်ယောက်သား တောင်ပိုင်းရှိ ဒေါ်ဝက်မတဲကို လျှောက်ခဲ့ကြတယ်။

ခြံဝိုင်းနားရောက်တော့ မီးရောင်မြင်နေရသေးတယ်။

"ဒေါ်လေးဝက် ... ဒေါ်လေးဝက်ရေ"

"ဟဲ့ ... ဘယ်သူတုန်း၊

ဝင်ခဲ့ ... တံခါးစေ့ထားတယ်"

□□□

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

**နှစ်ယောက်သား** ခြံဝိုင်းထဲဝင်ပြီး ကွပ်ပျစ်ရှိရာ လျှောက်သွားကြတယ်။

အစ်မဖြစ်သူ မိစောနဲ့ဒေါ်ဝက်မတို့ဟာ ကွပ်ပျစ်ပေါ် ထိုင်ပြီး မီးတောက်နဲ့ ဇိမ်ကျစားသောက်နေကြတယ်။



"မစောရယ် … ဘာလို့အိမ်ပြန်မလာတာလဲဗျာ၊
အိမ်မှာ အစ်မစိတ်ပူနေတယ်၊
ပြန်လိုက်ခဲ့ပါနော် မစော"

မောင်မွေးက ထိုသို့ပြောရင်း ခေါ်လိုက်တယ်။

"ဟဲ့ သေနာလေးတွေ …
နင်တို့စောက်ခွက် မမြင်ချင်လို့ ဒီမှာနေတာ၊
လိုက်လာစရာ အကြောင်းမရှိဘူး"

မိစောက သူမထုံးစံအတိုင်း အော်ဟစ်ပြောလိုက်တယ်။

လုံးလုံးလေးက မိစောတို့ရှေ့မှာရှိနေတဲ့ ပဲကြီးလှော်သုပ်၊ ဂျင်းသုပ်ပန်းကန်တွေကိုကြည့်ပြီး …

"မစော … လုံးလုံး ဗိုက်ဆာနေပြီ၊
ကျောင်းက ပြန်လာတည်းက
ရေပဲ သောက်နေရတယ်၊
လုံးလုံးကို ကျွေးပါနော်"

လို့ သနားစဖွယ် ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... စောက်ပြဿနာလေးတွေပဲ၊
ကိုယ့်ဟာကိုယ် အေးဆေးနေလို့လည်းမရဘူး၊
သူတောင်းစားလို လာတောင်းနေသေးတယ်၊
မေတ္တာတုန်းလေးတွေ၊
သွားကြစမ်း ... ကျက်သရေမဲ့တယ်"
"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ မိစောရယ်၊
နင့်အိမ်မှာ စားစရာမှမရှိဘဲ၊
သူတို့ ဗိုက်ဆာကြမှာပေါ့၊
နေဦး လုံးလုံး ... ဒေါ်လေးဝက်
စားစရာပေးလိုက်မယ်"

ဒေါ်ဝက်မက ဒယိမ်းဒယိုင်နဲ့ထပြီး တဲထဲဝင်သွားတယ်။

သူမ ပြန်ထွက်လာတော့ လက်ထဲမှာ အထုပ်နှစ်ထုပ်ပါလာတယ်။

"ရော့ မောင်မွေး ... ဒါက ပုန်းရည်ကြီး၊



ဒါကတော့ ထမင်းကြမ်းခဲပဲ၊
မနက်က ညစာပါ ရောချက်ပေမယ့်
အဒေါ် မစားဖြစ်လို့ ကျန်နေတာ၊
ယူပြီး သွားကြတော့၊
နင်တို့အမေကိုလည်း ပြောလိုက်၊
မိစော ငါ့အိမ်မှာရှိနေတာ၊
သွား ... သွား ... သိပ်မှောင်နေပြီ"

မောင်မွေးတို့မောင်နှမဟာ ဒေါ်ဝက်မပေးတဲ့ စားစရာတွေကိုယူပြီး မျက်နှာမသာမယာနဲ့ ပြန်ခဲ့ကြရရှာတော့တယ်။

အိမ်ရောက်တော့ လုံးလုံးက မိခင်ကို ...
"အစ်မစော သိပ်ဆိုးတယ် အစ်မ၊
သူကျတော့ ဖျော်ရည်တွေ၊ အသုပ်တွေ စားနေတယ်၊
လုံးလုံး စားချင်လို့ပြောတာ မကျွေးဘဲ ဆဲတယ်၊
တော်သေးတာပေါ့ ဒေါ်လေးဝက်က
စားစရာတွေ ပေးလိုက်လို့၊

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးကို ထမင်းကျွေးပါတော့နော်၊

ဗိုက်တအားဆာနေလို့ပါ အစ်မရယ်”

ဒေါ်ဖွားအိုက သက်ပြင်းသဲ့သဲ့ချမိရင်း မောင်မွေးလက်က အထုပ်ကို ယူလိုက်တယ်။

ထမင်းပြင်ပေးပြီးတဲ့အခါ မောင်နှမနှစ်ယောက်သား အငမ်းမရ စားသောက်ကြရှာတယ်။

ဆီမပါတဲ့ ပုန်းရည်ကြီးနဲ့ ခေါင်းမဖော်တမ်း စားသောက်နေရှာတဲ့ သားနဲ့သမီးငယ်ကို ကြည့်ရင်း မျက်ရည်ဆို့မိတယ်။

“သြော် ... ကလေးတွေ ဘာမှမသိကြရှာဘူး၊

မိစောက ပြောရင်ပြောတဲ့အတိုင်း

လုပ်တတ်တယ်၊ နက်ဖြန်ကစပြီး ...

သူတို့ကျောင်းမသွားရတာသိရင်

ဘယ်လောက်စိတ်ထိခိုက်ကြရှာမလဲ ... ဟင်း၊

ဆိုးလိုက်တဲ့ဘဝကြီးပါလား၊



အို မဖြစ်သေးပါဘူး၊ ငါက

မျက်လုံးသိပ်မကောင်းပေမယ့်

ရတဲ့အလုပ်တော့ လုပ်ရမှာပဲ၊

မိစော မသိတတ်ပေမယ့် အငယ်တွေကို

ငါ ရအောင်ရှာကျွေးရမယ်”

“အစ်မ ... ဘာတွေတွေးနေတာလဲ၊

ထမင်းစားလေ၊ ကျွန်တော်တို့တောင်

ကုန်တော့မယ်”

သားလတ်မောင်မွေးရဲ့အသံကြောင့် သူမ အတွေးပြတ်သွားတယ်။

“အစ်မ မဆာဘူးကွဲ့ ... သားတို့ပဲ

စားကြပါ၊ လူကြီးဆိုတော့

စားချိန်လွန်သွားရင် ရင်ခံတတ်တယ်လေ၊

စားကြ ... စားကြ”

တကယ်တော့ ဒေါ်ဖွားအို ညာပြောလိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝက်မ ထည့်ပေးလိုက်တဲ့ ထမင်းက နှစ်ယောက်စာ သာ။

သူမ ဆာလောင်နေတဲ့ ဝမ်းဗိုက်ကို လက်နဲ့ဖိရင်း ဆောင့်ကြောင့်ထိုင်နေမိတယ်။

မနက်ဖြန်အတွက် သူမ ဘာတွေပြင်ဆင်ရမလဲ။

ကလေးနှစ်ယောက်ရဲ့စားရေးကို အသက်ခြောက်ဆယ် ကျော် သူမ ဘယ်လိုဖြေရှင်းရမလဲ။

အတွေးများနဲ့ ဒေါ်ဖွားအိုရင်ထဲ ဗလောင်ဆူသွားရ တယ်။

❐❐❐

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်နေ့နံနက် ...

"ဟဲ့ မိစော ... ညည်း အလုပ်မဆင်းဘူးလားအေ့"

မိစောက ကွပ်ပျစ်ပေါ်မှာ လှူးလှိမ့်လိုက်ရင်း ...

"အင်း ... မသွားနိုင်တော့ဘူး၊



ညက ခင်ဗျားရဲ့မီးတောက်ကြောင့်

အခု ကျုပ်ခေါင်းတွေ ပွင့်ထွက်တော့မယ်၊

တူနဲ့ ထုနေသလို ခံရတယ်ဗျ"

လို့ ပြောလိုက်တယ်။

ဒေါ်ဝက်မက သဘောပေါက်ဟန်နဲ့ ...

"အစကတော့ ကျုပ်လည်း ဒီလိုခံရတာပါပဲအေ၊

သောက်လေ့ရှိသွားရင်တော့ လွတ်ကောင်းချက်တော့၊

ညည်းတို့လည်း ကျုပ်အကြောင်း သိကြတာပဲ၊

ယူခဲ့တဲ့လင်ပေါင်း ခုနစ်ယောက်ရှိတယ်၊

ဘယ်လင်နဲ့မှ ကောင်းကောင်းမပေါင်းလိုက်ရဘူး၊

သေတဲ့လူက သေတယ်၊

ကွဲတဲ့လူက ကွဲတယ်၊

နောက်ဆုံး ယောကျ်ားသေပြီးတည်းက

အပူမရှာတော့ဘဲ ရင်ပူအောင်

မီးတောက်လေးနဲ့ ဖြေနေရတာအေ့၊

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ပူတာ ဘဝပူတာလောက်

မဆိုးသေးဘူးအေ့ ... မှတ်ထား၊

ကဲ ... ညည်း အိပ်ချင်အိပ်နေ၊

ကျုပ် ဆိုင်သွားခင်းတော့မယ်”

လို့ ပြောပြီး ပစ္စည်းတွေ ထည့်ထားတဲ့ တောင်းကြီး ခေါင်းရွက်ပြီး ထွက်သွားတယ်။

မိစောလည်း ဒေါ်ဝက်မ သွားပြီးတော့ အိပ်ပျော်အောင် ပြန်အိပ်ပစ်လိုက်တယ်။

သူမ ဘယ်လောက်ကြာကြာ အိပ်သွားလည်း မသိဘူး။

“ဟဲ့ မိစော ... မိစော ... ထဦးဟ”

ဒေါ်ဝက်မရဲ့ဝါးကြမ်းပေါ် ပြေးတက်လာရင်း အော်ပြောမှုကြောင့် သူမ လန့်နိုးသွားတယ်။

“ဘာလဲ ဒေါ်ဝက်ရာ ... နေမကောင်းချင်လို့

အိပ်နေပါတယ်ဆို”

“ဟဲ့ ... ရွာထဲမှာ ဘာတွေဖြစ်ကုန်ပြီထင်လဲဟဲ့”



ဒေါ်ဝက်မရဲ့မျက်ကလူးဆန်ပျာအပြောကြောင့် ...

“ဘာလဲဗျာ ... ရွာထဲ ဂျပန်တွေ

ဝင်စီးရအောင်လည်း ဂျပန်ခေတ်မှမဟုတ်တာ၊

စိတ်ပျက်ဖို့သိပ်ကောင်းတယ် ... ကျွတ်”

“ဟဲ့ ... ဂျပန်ဝင်တာထက် ပိုဆိုးတယ်ဟဲ့၊

ရွာထဲမှာ တစ်အိမ်တက်ဆင်း နင့်အမေ

အလုပ်လိုက်တောင်းနေတယ်၊

ငါ မနက်တစ်ခင်းလုံး ဒီသတင်းတွေ

ကြားနေရတာဟဲ့၊

တချို့အိမ်တွေက သူ့သနားလို့

ထင်းခွဲရေခပ် အလုပ်လေးတွေတော့

ပေးကြပါတယ်၊ နင် သူတို့ကို

ပစ်မထားသင့်ဘူး၊ နင့်အမေက

ထမ်းပိုးမ,ရမယ့်အရွယ် မဟုတ်ဘူးလေ၊

ခြောက်ဆယ်ကျော်နေပြီ မိစောရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သနားဖို့ကောင်းပါတယ်ဟာ၊

သူတို့မှာ နင် အိမ်မှာမရှိတော့ ...

ဒီနေ့အတွက် စားစရာရှိပုံမရဘူးဟာ၊

နင် ပြန်သင့်နေပြီ”

မိစောက ကွပ်ပျစ်ပေါ်က ဝုန်းခနဲထလိုက်ပြီး ...

“ဩော် ... ကျုပ်က အဘဆုံးပြီးတည်းက

လေးနှစ်လုံးလုံး ဆေးလိပ်ခုံမှာ ခါးချိခံပြီး

လုပ်ခဲ့ရတဲ့လူပါ၊ ကျုပ်ကျတော့

ဘယ်သူမှ မသနားကြဘူး၊

လူဆိုတာ ကိုယ့်ဝမ်းကိုယ်ရှာစားရမှာပဲ၊

ဒင်း လေးနှစ်လုံး အငြိမ့်သား ထိုင်စားခဲ့တာ၊

လုပ်ပစေ ... ကောင်းတယ်တော့”

လို့ ပြောလိုက်တယ်။

“နင်တော့ ဒုက္ခပဲ မိစောရယ်၊

ဘုရားမကြိုက်၊ နတ်မကြိုက်တဲ့



အတွေးတွေဝင်နေပြီ၊

ဘုရားက ဟောဖူးတယ်ဟာ၊

သူ့ကို နေ့စဉ်မရှိခိုးချင်နေပါစေ၊

ဆွမ်း, ပန်း, ဆီမီး, ရေချမ်း မကပ်ချင်နေပါစေ၊

မိဘကို လုပ်ကျွေးပြုစုပါတဲ့ဟာ၊

နင့်မှာ အမယ်အိုကြီးပဲ ရှိတာပါဟယ်၊

နင် မိစ္ဆာဒိဋ္ဌိဖြစ်နေပြီ ... မိစောရဲ့”

ဒေါ်ဝက်မရဲ့စကားကြောင့် မိစောတစ်ယောက် ဟားတိုက်ရယ်မောလိုက်တယ်။

“ဟား ဟား ဟား ... ဟား ဟား ဟား၊

ရယ်ရတယ်ဗျာ၊

မီးတောက်ကို သိပ်ကြိုက်ပြီး

တစ်ချိန်လုံး သောက်နေရမှ

နေတတ်တဲ့လူကများ ... ကျုပ်ကို

လာပြီး မိကျောင်းမင်း ရေကင်းပြနေရတယ်လို့၊

www.burmeseclassic.com

www.burmeseclassic.com



မတန်ပါဘူး ဒေါ်ဝက်ရာ ... ပြောစမ်းနဲ့"

"မိစောရဲ့ ... ငါ မီးတောက်ကြိုက်ပေမယ့်

အယူမလွဲသေးဘူး၊

ကံကြီးမထိုက်သေးဘူးအေ့၊

ငါ့ခံစားချက်နဲ့ငါသောက်တာ၊

မီးတောက်ကြောင့် ငါ ငရဲငါးမူးဖိုးရရင်

နင်က ငါးပိသာဖိုးလောက် ရနေပြီ၊

နင် အိမ်ပြန်ပါ မိစောရာ၊

နင့်မောင်တွေ သနားပါတယ်"

ဒေါ်ဝက်မရဲ့အပြောကြောင့် မိစောမျက်နှာ တင်းမာသွားတယ်။

"လျှာမရှည်နဲ့ ဒေါ်ဝက်၊

ကျုပ် အိမ်မပြန်နိုင်ဘူး ... အေး ...

တော်ကြီး အိမ်မှာမနေစေချင်ရင်

ကျုပ် ထွက်သွားပေးမယ်၊



ကျုပ် အိမ်မပြန်ပေမယ့် ဒီအဘွားကြီးကို

ကောင်းကောင်းဆုံးမရမယ်၊

သူများအိမ်မှာ ကျွန်ခံတာဟာ

ကျုပ်ကို စောက်ရှက်ခွဲတာပဲ၊ တွေ့မယ် ဒင်း"

မိစောရဲ့စိတ်ကိုသိတဲ့ ဒေါ်ဝက်မတစ်ယောက် မိစော လုပ်ချင်ရာ လျှောက်လုပ်မှာ တွေးပူနေမိတယ်။

"အေး ... အေးပါ မိစောရယ်၊

နင်မကြိုက်ရင် ငါ ဘာမှမပြောတော့ပါဘူး၊

ငါ့အိမ်မှာပဲ ဆက်နေပါဟာ၊ လျှောက်မသွားနဲ့နော်"

မိစောက တောက်ခေါက်လိုက်ရင်း ...

"ပြီးရော ... ဒါပေမဲ့ ... အခု

ကျုပ် အပြင်ရသွားမယ်၊

ကျုပ်ကို စောက်ရှက်ခွဲတဲ့ မိန်းမကြီးဆီ"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

ထို့နောက်မှာတော့ . . . မိစောတစ်ယောက်

ဆဘီစွန်တောင်ဆွဲပြီး ရွာလမ်းဘက် ထွက်သွားတယ်။

ရွာလမ်းတစ်နေရာရောက်တော့ စက်ရေတွင်းကနေ

ထမ်းပိုးနဲ့ ရေထမ်းပြီးပြန်လာတဲ့ မိခင်ဖြစ်သူနဲ့ မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံသွားတယ်။

မိစောက ဒေါ်ဖွားမေရဲ့ပခုံးပေါ်တင်ထားတဲ့ ထမ်းပိုးကို တွန်းထည့်လိုက်တယ်။

“ဟင် မိစော ... နင် ... နင် ...
ဘယ်လိုလုပ်လိုက်တာလဲ”

“မြင်တဲ့အတိုင်းပဲ၊ ခင်ဗျားဟာ ကျုပ်ကို
စောက်ရှက်ခွဲချင်လို့ အိမ်တကာလှည့်
ကျွန်ခံနေတာ မဟုတ်လား၊
လုံးဝမကျေနပ်ဘူး ... တောက်”

မိစောရဲ့အသံကြီးကြောင့် ထိုနေရာကို လူတွေဝိုင်းလာတယ်။

ဒေါ်ဖွားအိုဟာ သမီးဖြစ်သူရဲ့လုပ်ရပ်ကြောင့် ရှက်ဒေါသတွေ မွှန်ထူသွားတယ်။

“ဟဲ့ ... နင် ရှာမကျွေးလို့
ထမင်းစားဖို့လုပ်တာ ဘာဖြစ်လဲ၊



ညည်း မိဘကို စော်ကားတာတွေ
သိပ်များနေပြီ ... မိစော”

“ကျုပ်က အပျိုလေးတန်မဲ့နဲ့
ခင်ဗျားတို့အားလုံးကို အဘသေပြီးတည်းက
လုပ်ကျွေးခဲ့တာပဲ၊
နားလည်မှုမရှိဘဲ အသုံးဖြုန်းကြီးတော့
ဘယ်သူက သထာတော့မလဲ၊
ဒီလောက် သူများလုပ်စာ ထိုင်စားချင်ရင်
လင်ယူလိုက်ပေါ့၊ ဒါမှ နားအေးမှာ၊ တောက်”

မိစောရဲ့ရိုင်းပျတဲ့စကားကြောင့် ဒေါ်ဖွားအိုဟာ မျက်လုံးပျာဝေမတတ် ထိတ်လန့်သွားသလို ဝိုင်းကြည့်ရှုနေတဲ့လူတွေလည်း မျက်လုံးပြူးကုန်တယ်။

ရုတ်တရက်ဆိုသလို မိစောဟာ ဒေါ်ဖွားအိုကို ဆောင့်တွန်းလိုက်တဲ့အတွက် ဒေါ်ဖွားအိုဟာ မြေပေါ်လဲကျသွားရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ...

"တော်စမ်းမိစော ... နင့်လုပ်ရပ်

သိပ်လွန်နေပြီ"

ဆိုတဲ့အသံကို ကြားလိုက်ရတယ်။

အားလုံးလှည့်ကြည့်တဲ့အခါ မျက်နှာထားတင်းတင်းနဲ့ လာနေတဲ့ ကျေးရွာလူကြီး ဦးဘသက်ကို တွေ့ရတယ်။

ဦးဘသက်ဟာ သမာသမတ်ကျတဲ့လူကြီးဖြစ်တာကြောင့် ရွာရှိလူအားလုံး သူ့ကို ချစ်ကြောက်ရိုသေကြတယ်။

"မိစော ... နင့်ရဲ့မအေကို

သိပ်ရိုင်းတဲ့သတင်းတွေ

ငါ ကြားနေတာကြာပြီ၊

အခု ငါ့မျက်စိရှေ့

ရွာလမ်းလယ်ခေါင်မှာတောင်

နင်က မိဘကို ကိုယ်ထိလက်ရောက်

ကျူးလွန်နေတယ်၊ မိဘကို



စော်ကားတဲ့ သားသမီးဟာ

ဘယ်တော့မှ မကြီးပွားဘူး၊

အေး ... ကြီးပွားခဲ့ရင်တောင်

ဘေးဒုက္ခအပေါင်းနဲ့၊ ငွေရှိပေမယ့်

ကျန်းမာရေးကြောင့်ပဲဖြစ်ဖြစ်၊

လူမှုရေးကြောင့်ပဲဖြစ်ဖြစ် ဆင်းရဲခြင်း

ကြုံရတတ်တယ်၊ နင် ဒီလို မဖွားအိုကို

ဆက်ဆံနေတာ ဘာအကြောင်းရှိလဲ"

"ဟ ... ဘာအကြောင်းရှိရမှာလဲဗျ၊

ကျုပ်က တစ်အိမ်လုံးကို

နွားမလို ရုန်းကျွေးနေရတယ်၊

ကြာတော့ ကျုပ် သည်းမခံနိုင်တော့ဘူး၊

ဒါ့ကြောင့်ပဲ ..."

ဦးဘသက်က မိစောရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"မိဘကို ပြစ်မှားတဲ့ သားသမီးဟာ

www.burmeseclassic.com

www.burmeseclassic.com



မြေမျိုခံရတတ်သလို၊

မဟာအဝီစိငရဲမှာလည်း ချိုးကပ်တတ်တယ်၊

နင် ငရဲကျမှာ မကြောက်လို့

လုပ်နေပေမယ့် ငါတို့တော့ နင့်အစား

သိပ်ကြောက်မိတယ်၊

နင်သာ ငါ့သားသမီးဖြစ်လို့ကတော့

မျိုးတုန်းအောင် ရိုက်သတ်ပစ်လိုက်ပြီ၊

နင့်အမေကိုကြည့်စမ်း ... နင့်ကိုချစ်တဲ့စိတ်နဲ့၊

နင် ဘယ်လောက်ရိုင်းရိုင်း သူ ခေါင်းငုံ့နေခဲ့တယ်၊

နင့်လုပ်ရပ်တွေ ရပ်လိုက်တော့ မိစော၊

နင် ဒုက္ခတွေ့လိမ့်မယ် ... အေး၊

မိဘကို လုပ်ကျွေးပြုစုခွင့်ရတာ

နည်းတဲ့ကုသိုလ်မဟုတ်ဘူးဟ၊

နင်က နင့်မိဘကို တန်ဖိုးမထားရင်

နင်မိဘဖြစ်တဲ့အခါ နင့်ကလေးတွေကလည်း



နင့်ကို တန်ဖိုးထားမှာ မဟုတ်ဘူး မိစော ...

နားလည်စမ်း”

ဦးဘသက်ရဲ့စကားကြောင့် မိစောရဲ့မျက်နှာဟာ

ကြောက်စရာကောင်းလောက်အောင် မာထန်သွားတယ်။

ဦးဘသက်ကို အံကြိတ်ကြည့်ပြီး ...

“ကျုပ်က ငြိမ်နားထောင်နေလို့

တော်က ရောင့်တက်နေတာလား၊

ဒီမယ် ဘုရားဖြစ်မယ့် အုတ်နီခဲကြီးရဲ့၊

ကျုပ်မအေကို တော်ကြီး

သိပ်သနားတယ် မဟုတ်လား၊

တော်ကြီးပဲ မယားတော်ပြီး ရှာကျွေးလိုက်၊

နောက်ထပ်ပြီး ကျုပ်ကို

တရားချဖို့ မကြိုးစားနဲ့၊

ကျုပ်က မှန်တယ်ထင်ရင်

ဘယ်သူ့မှ စောက်ဂရုမစိုက်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မားခုတ်ရာ လက်ဝင်လျှိုရင်

လက်ပြတ်ရုံပဲရှိမယ် ... မှတ်ထား ...

ထွီ"

မိစောက ထိုသို့ပြောဆိုပြီး ထဘီမ,ရင်း ထွက်သွားတယ်။

"အတော်မိုက်ရိုင်းတဲ့ မိစောပဲ၊

ကျေးရွာလူကြီးကိုတောင် ရိုင်းစိုင်းနေပြီ၊

ကျုပ်တို့ ရွာသားတွေပေါင်းပြီး

ဒီကောင်မကို အစွယ်ချိုးမှဖြစ်မယ်

ဦးလေးဘသက်"

"ဟုတ်တယ်ဗျ၊ ဒီကောင်မ မအေကိုရိုင်းတာ

ကလေးတွေ အတုယူမှားနိုင်တယ်၊

သူ့ကို ဆုံးမခွင့်ပေးပါ ဦးဘသက်"

ရွာသားလူငယ်တွေရဲ့ မကျေမနပ်အသံတွေကြောင့် ကျေးရွာလူကြီးဦးဘသက်က လက်ကာပြလိုက်တယ်။



"ငါ့ရွာက လူငယ်တွေအားလုံး

ဘာသာတရားကိုင်းရှိုင်းတဲ့

လူငယ်တွေ များတယ်၊

ဒီရွာမှာ အရက်သမားဆိုတာ

လက်ချိုးရေတွက်လို့ ရလောက်အောင်

နည်းပါးတယ်၊

အေး ... ဒါပေမဲ့ ... စုန်းပြူးဖြစ်နေတဲ့

မိန်းမခွက်ပုံးတချို့ ရှိနေတာလည်း

ငါသိတယ်၊

ငါ အခုကပြောချင်တာက မိစောပေးခဲ့တဲ့

အ,ကုသိုလ်ကို မင်းတို့ ယူစရာမလိုဘူး၊

ကဲ, ကံရဲ့အကျိုးဆိုတာကို ယုံကြည်ရင်

သည်းခံလိုက်ပါ၊

သူ့အ,ကုသိုလ်က သူ့ကို စီရင်သွားပါလိမ့်မယ်၊

ကဲ ကဲ ... အားလုံးသွားကြတော့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသက်ရဲ့စကားကြောင့် ရွာသားတွေဟာ ထွက်သွားကြတယ်။

"ရွာလူကြီးရယ် ... ကျွန်မသမီးရဲ့ရိုင်းစိုင်းမှုကြောင့်
ကျွန်မ သိပ်အားနာမိပါတယ်၊
မိစောကိုယ်စား ကျွန်မ
တောင်းပန်ပါတယ်ရှင်"

ဦးဘသက်က ဒေါ်ဖွားအိုကိုကြည့်ပြီး သက်ပြင်းချလိုက်တယ်။

"မိခင်ရဲ့မေတ္တာတရားကြီးလေ ...
ရိုင်းစိုင်းတဲ့သားသမီးရဲ့ငရဲကလည်း
ပိုကြီးလေပဲ မဖွားအိုရဲ့၊
ခင်ဗျားဟာ မိခင်ကောင်းတစ်ယောက်ပါ၊
အင်း ... ကျုပ်တော့ မိစောရဲ့အ,ကုသိုလ်ကံကို
စိတ်လေးမိတာ အမှန်ပါပဲ၊
ဒီကလေးမ အမြင်မှန်ရဖို့



ဆုတောင်းရုံကလွဲပြီး ကျုပ်တို့
ဘာတတ်နိုင်မလဲ မဖွားအို၊
ကဲ ကဲ ... သွားချေတော့၊
ကျုပ်လည်း ရွာဦးကျောင်းဆရာတော်
ခေါ်ထားလို့ သွားရဦးမယ်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

မိစောတစ်ယောက် ကျေးရွာလူကြီးကို ထော်လော်ဘန့်လန့်ပြောလိုက်တဲ့သတင်းက သရက်ကုန်းရွာတစ်ခုလုံး ပျံ့နှံ့သွားတယ်။

နောက်နေ့ သူမ ဆေးလိပ်ခုံရောက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



“မိစောတို့များ ပိုင်ချက်အေ၊

ရှာလူကြီးကိုတောင် ပက်ခနဲပြောဝံ့တယ်၊

နင် ဒီလိုပြောလို့ ရှာလူကြီး

အပြစ်ပေးမှာ မကြောက်ဘူးလားဟင်”

မိလှရဲ့အမေးကြောင့် မိစောက မျက်နှာကို မဲ့ရွဲ့လိုက်ပြီး

“ရှာလူကြီးမကလို့ သေမင်းဖြစ်နေရင်တောင်

မိစောတို့က စောက်ဂရုမစိုက်ဘူး၊

ဒါ အကင်းပဲ ရှိသေးတယ်၊

ဒီ့ထက်ပိုဆိုးရင် ကျုပ်က

ပါးဆွဲရိုက်ပစ်မှာ၊

မိစောတဲ့ ... တစ်စောပဲရှိတယ်တော့်”

လို့ ပြောလိုက်တဲ့အခါ မိလှဟာ ဘာမှပြန်မပြောဝံ့ပေမယ့် ကျန်အလုပ်သမတွေအားလုံး နှာခေါင်းရှုပ်ကုန်ကြတယ်။

ထိုစဉ်မှာပဲ ခုံပိုင်ရှင် ဒေါ်ရင်ကြည် ရောက်လာတယ်။

“ဟဲ့ မိစော ... နင်ဟာ နင့်အမေကိုတင်မကဘူး၊



ရှာလူကြီးကိုပါ စော်ကားပြီး

ပြောခဲ့တယ်ဆို ... ဟုတ်လား”

မိစောက ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်ပြီး ...

“ဟုတ်တယ် ဘာဖြစ်လဲ၊

ရှာလူကြီးက တော်ကြီးလင်မို့

မေးနေတာလား၊

မဆိုင်တာ ဘာမှပြောစရာမလိုဘူးတော့်”

မိစောရဲ့ရုန်းရင်းတဲ့အပြောကြောင့် ခုံပိုင်ရှင် ဒေါ်ရင်ကြည်ဟာ ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်သွားတယ်။

“ဘာ ... ဘာပြောတယ်၊

ကောင်မ ... ငါ ဒေါ်ဖွားအိုမျက်နှာကြောင့်

သနားပြီး အလုပ်ပေးထားတာ၊

နင် ခုချက်ချင်း ထွက်သွားစမ်း၊

ဘယ်တော့မှ ငါ့အရိပ်ကိုတောင်

လာမနင်းနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သွားစမ်း ... ထွက်သွား၊

မြေမျိုမယ့်ဟာမ"

ဒေါ်ရင်ကြည်ရဲ့အပြောကြောင့် မိစောဟာ ဆွေ့ဆွေ့ခုန် မတတ် ဒေါသထွက်သွားတယ်။

ထိုင်ရာက ဝုန်းခနဲခုန်ထပြီး ခြေလှမ်းကျဲကြီးနဲ့ ဒေါ်ရင် ကြည်ဆီ လျှောက်သွားတယ်။

"ဒီမှာ ... ခုံရှင်ဆိုပြီး သိပ်မာန်တက်မနေနဲ့၊

မိစောတို့က ဆယ်ခါပြန်တောင်

ဒီခုံက ထွက်သေးတယ်၊

အေး ... မသွားခင်တော့ မိစော

ဘာလဲပြရသေးတာပေါ့"

မိစောက ပြောပြောဆိုဆို ဒေါ်ရင်ကြည်ရဲ့ပါးကို ဖျန်း ခနဲ ပိတ်ရိုက်ပစ်လိုက်တယ်။

ချက်ချင်းဆိုသလို ခြေလှမ်းကျဲကြီးနဲ့ ဆေးလိပ်ခုံကနေ ထွက်သွားတော့တယ်။



"ဟင် ... အရိုင်းမ ... အရိုင်းမ

ငါ့ကို လုပ်သွားတယ်၊

တောက် ... သူတောင်းစားမလေး၊

နင့်ကို ငါ ကျိန်စာတိုက်ပစ်မယ်၊

ဘယ်တော့မှ လူမွေးလူရောင်

မပြောင်ပါစေနဲ့တော်၊

မှဆိုးဖို့ တစ်ခုလပ်နဲ့ ညားပြီး

ဒုက္ခကောင်းကောင်းတွေ့ပါစေတော် ...

တောက်"

ဒေါ်ရင်ကြည်ရဲ့ မကျေနပ်စွာ ကျိန်ဆဲသံတွေက ဆေး လိပ်ခုံတစ်ခုလုံး ပွက်လောရိုက်သွားတယ်။

မိစောဟာ ရွာလမ်းတစ်လျှောက် ဖုန်ထောင်းထောင်းထ အောင် ဒေါသတကြီး လျှောက်သွားတယ်။

ဒေါ်ဝက်မရဲ့အသုပ်ဆိုင်ရှေ့ရောက်တော့ ...

"ဒေါ်ဝက် ... ကျုပ်ကို ပုလင်းပေးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

“ဟဲ့ မိစော ... နင် အလုပ်က

အစောကြီး ပြန်လာတာလား၊

ဒီအချိန်က မီးတောက်အချိန်

မဟုတ်သေးဘူးလေ၊

နင် ဘာဖြစ်လာတာလဲ”

“အာ ... လျှာရှည်လိုက်တာ၊

မီးတောက်ရှိတယ် မဟုတ်လား၊

ပေးစမ်းပါ”

“ဒီအချိန် ဘယ်လိုလုပ်ရှိမှာလဲ၊

နင် အရည်မျိုချင်ရင် နင့်ဘာသာ

ကိုချက်ဆိုင် သွားယူ၊

ငါ့ဆီကို ညနေမှ ပို့ပေးတာ ... ဟဲ့”

“ပြီးရော ... ကျုပ်ဟာကျုပ်

သွားယူမယ်၊



တောက် ... ဘာတစ်ခုမှကို

အဆင်မပြေဘူး”

မိစောက ခွေးခြေခုံကို ကန်ကျောက်ပြီး ထွက်သွားတယ်။

“ဘုရား ... ဘုရား ...

မိစော ဘာဖြစ်လာတာလဲ၊

ငါ့ကို မူးပြီး ရစ်ရင်တော့ ဒုက္ခပဲ ...

ဟင်း”

ဒေါ်ဝက်မဟာ ထိုသို့ညည်းညူရင်း ရင်ဘတ်ဖိလိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

**မိစောဟာ** ရွာနောက်ပိုင်းမှာရှိတဲ့ ကိုချက်ရဲ့အရက်ပုန်းဆိုင်ကို ရောက်သွားတယ်။

ဘောက်ဆတ်ဆတ်နဲ့ ဝင်လာတဲ့ မိစောကိုမြင်တော့ ကိုချက် အံ့အားသင့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မိစောကြီးပါလား၊

ငါ့ဆိုင်မှာ ဘာပြဿနာရှာဖို့

ရောက်လာတာလဲ"

မိစောက ခုံလွတ်မှာ ဝင်ထိုင်လိုက်ပြီး ...

"ဘာစကားပြောတာလဲရှင့်၊

ရှင်က ကျွန်မကို ပြဿနာအိုးကြီး

ထင်နေတာလား၊

ကျုပ်လာတာ မီးတောက်လိုချင်လို့၊

တစ်လုံး ဘယ်လောက်လဲ ... ပြော"

လို့ ပြောလိုက်တဲ့အခါ ကိုချက်တစ်ယောက် အံ့အားသင့်သွားတယ်။

"ဟ ... ဒီနေ့ နင့်ဆီက

အထူးဆန်းတွေပဲ ကြားနေရပါလားဟ၊

အရက်ပုန်းဆိုင် မလာဘူးတဲ့လူက

လာပြီး မီးတောက်ဝယ်တယ် ... ဟာဟ၊



ထိထိုးရမယ် ဒီနေ့၊ ကဲပါ ...

ငါ ဈေးဦးပေါက်ဖို့ အရေးကြီးတယ်၊

တစ်လုံး ငါးရာ၊

နင် ဘယ်လောက်ယူမလဲ"

မိစောက ရှပ်အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး ...

"ရော့ ... ကျုပ်မှာတောင် ငါးရာရှိတယ်၊

မီးတောက်သုံးလုံးပေး"

လို့ ပြောလိုက်တဲ့အခါ ကိုချက်က သွက်လက်စွာပဲ ပုလင်းတွေ ယူပေးတယ်။

မိစောဟာ ပုလင်းတွေပိုက်ပြီး ရွာလမ်းအတိုင်း ပြန်ခဲ့တယ်။

ရွာလမ်းပေါ်ရှိ လူတွေဟာ ပုလင်းပိုက်လာတဲ့ မိစောကို ကြည့်ပြီး နှာခေါင်းရှုပ်ကုန်ကြတယ်။

သူမကိုမြင်တဲ့ အသုပ်သည်ဒေါ်ဝက်မဟာ မျက်လုံးပြူးသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိစော ... ပုလင်းတွေ များလှပါလား၊
နှင့်နဲ့တော့ ဒုက္ခပါပဲဟယ်၊
စပေးမိတဲ့ ငါ့ကိုက မှားတာပါ၊
သွားသွား ... အိမ်ပြန်ပြီးသောက်၊
ဆိုင်မှာမကောင်းဘူးဟဲ့"
လို့ အထိတ်တလန့် ပြောလိုက်တယ်။
"အာ ... ကျုပ်တစ်ယောက်တည်း
မသောက်ချင်ဘူး၊ ဒေါ်ဝက် လိုက်ခဲ့၊
ဆိုင်သိမ်းလိုက် ... ရှုပ်တယ်"
"အမယ်လေး မိစောရယ် ...
လိုက်ခဲ့ဆို လိုက်ပေးပါ့မယ်၊
ဆိုင်တော့ မသိမ်းပါရစေနဲ့၊
နေဦး ... ငါ မပိကို သွားခေါ်လိုက်မယ်၊
သူက အသုပ်ကောင်းကောင်းသုပ်တတ်တော့
အဆင်ပြေတယ် ... နင် နေဦးဟာ"



ဒေါ်ဝက်မက ပြောဆိုရင်း ခပ်သွက်သွက် ထွက်သွားတယ်။

ခဏကြာတော့ ဒေါ်ဝက်မနဲ့အတူ မပိ ပါလာတယ်။
"ဒါပဲနော် ဒေါ်ဝက် ...
ကျုပ် ဈေးရောင်းပေးမယ်၊
ဒီ့အတွက် ကျုပ်ကို ငါးရာပေးရမယ်နော်"
မပိရဲ့အပြောကြောင့် ဒေါ်ဝက်မက မျက်နှာမသာမယာနဲ့ ...

"ညည်းကလဲအေ ... ပေးမယ်ပြောပြီးပြီပဲ၊
လျှာရှည်နေသေးတယ်၊
ငါသွားမယ်၊ သေချာသုပ်ပေးနော် ...
ငါ့ဖောက်သည်ကို၊
ကဲ ... မိစော လာ ပြန်ကြမယ်"
လို့ ပြောပြီး မိစောနဲ့အတူ ပြန်ခဲ့တော့တယ်။
အိမ်ရောက်တော့ ဒေါ်ဝက်မက ပဲခြမ်းသုပ်ပြီး နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သား အိမ်ရှေ့ကွပ်ပျစ်မှာ ဝိုင်းဖွဲ့လိုက်တယ်။

မိစောက မီးတောက်ကို ပုလင်းဝက်လောက် သောက်ချ လိုက်ပြီး ပဲခြမ်းသုပ်ကို ကောက်စားလိုက်တယ်။

"ကျုပ် မကျေနပ်ဘူးဗျ၊

လူတွေက မတရားဘူး၊

ဒီမယ် ဒေါက်တာ ... တွေးကြည့်စမ်းပါ၊

ကျုပ်နေရာမှာ ဒေါက်တာသာဆို

ဘယ်လိုခံစားရမလဲ၊

ကျုပ် ... ကျုပ် ... ဘာအပြစ်မှမလုပ်ဘဲ

အလုပ်ပြုတ်ခဲ့တယ် ... တောက်"

မိစောရဲ့ရီတီတီနဲ့အပြောကြောင့် ဒေါက်တာမတစ်ယောက် မျက်လုံးပြူးသွားရတယ်။

"ဘာ ... နင် နင် အလုပ်ပြုတ်လာတယ်

ဟုတ်လား၊ ဘာ ... ဘာဖြစ်လို့လဲ မိစော၊

နင့်ခုပိုင်ရှင် ဒေါ်ရင်ကြည်က



ဆေးလိပ်ခုံလောကမှာ သဘောအကောင်းဆုံး

ခုံရှင်ပဲဟဲ့"

မိစောက ငုံထားတဲ့ မီးတောက်ကို ထွီခနဲ ထွေးလိုက် တယ်။

"သွားစမ်းပါ ... အလကား သူတောင်းစားမကြီး၊

ရှာလူကြီးက ဒင်းလင်ငယ်မို့

ကျုပ်ကို အမြင်ကတ်မှုနဲ့ အလုပ်ထုတ်ပစ်တာ၊

ဟာဟာ ... မိစောတို့ကလည်း

စောက်ဂရုမစိုက်ဘူး၊

ပါးချပြီးတော့ကို ထွက်လာလိုက်တယ်၊

ဟား ဟား ဟား ဟား"

မိစောရဲ့စကားတွေကြောင့် ဒေါက်တာမဟာ အခြေအနေ ကို ရိပ်စားမိသွားပြီး ...

"နင်တော့ ခက်တာပဲ မိစောရာ၊

ကိုယ့်အလုပ်ရှင်ကို ပါးရိုက်ခဲ့မှတော့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပြုတ်ပြီပေါ့ဟာ၊ ငါတော့ နင့်ခေါ်ထားမိတာ

ငါးပါးမှောက်တာပဲ၊

ကဲ … အခု နင် ဘာဆက်လုပ်မလဲ မိစော”

လို့ ကရုဏာဒေါသော မေးလိုက်တယ်။

မိစောက မီးတောက်ကို မော့ချလိုက်ပြီး …

“ဘာမှမလုပ်ဘူး၊ တော်ကြီး …

တီဗီဇာတ်လမ်းတွဲတွေမှာ မတွေ့ဘူးလား၊

ကိုရီးယားစတိုင်လေ … ဟာဟ၊

သူတို့က ဆိုဂျူး … မိစောက မီးတောက်၊

မီးတောက်ပဲ သောက်နေမယ် …

ဟား ဟား ဟား ဟား ဟား”

မိစောရဲ့အပြောကြောင့် ဒေါ်ဝက်မဟာ စိတ်ပျက်ဟန်နဲ့ ခေါင်းခါယမ်းလိုက်တော့တယ်။

□□□

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်များဖြစ်ပြီး (၂) ပတ်မျှ ကြာသောအခါ ...

ညအချိန်တစ်ခုမှာ ...

ဒေါ်ဖွားအိုတစ်ယောက် မနက်အတွက် ဆန်ဝယ်ဖို့



ရွာလယ်ရှိ ကုန်စုံဆိုင်လေးဘက် ထွက်လာခဲ့တယ်။

ရွာလမ်းတစ်လျှောက် မှောင်နေတဲ့အတွက် သူမဟာ မျက်လုံးကို အားစိုက်ကြည့်ပြီး လျှောက်ခဲ့တယ်။

ကုန်စုံဆိုင်မှာ ဆန်သုံးဗူးဝယ်ပြီး ပြန်လာတဲ့အခါမှာတော့ ...

"ဟဲ့ ... ဒေါ်ဖွားအို"

နောက်မှခေါ်သံကြောင့် သူမ ခြေလှမ်းရပ်ပြီး ...

"ဟဲ့ ... ဘယ်သူတုန်း"

လို့ မေးလိုက်တယ်။

ဒီအချိန်မှာပဲ အရှိန်ပြင်းတဲ့ တုတ်ချက်က သူမခေါင်းပေါ် ကျလာတယ်။

သူမ မျက်လုံးတွေပြာဝေသွားပြီး အင့်ခနဲအသံနဲ့အတူ မြေပေါ် လဲကျသွားရှာတယ်။

ထိုအချိန် မောင်မွေးနဲ့လုံးလုံးဟာ မိခင်ပြန်မလာသေးတဲ့အတွက် စိတ်ပူပြီး ရွာလယ်ဘက် လိုက်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်စုံဆိုင်ရောက်တော့ ...

"ဒေါ်ကြီး ... အစ်မ ဆန်လာဝယ်သေးလားဟင်"

လို့ မောင်မွေးက မေးလိုက်တယ်။

"အေး ... ဝယ်တယ်လေ၊

အစောကပဲ ပြန်သွားတာ၊

ဘာဖြစ်လို့လဲကွဲ့"

ဒီအချိန်မှာပဲ ...

"လာကြပါဦး ... ဒေါ်ဖွားအို

မန်းကျည်းပင်အောက်မှာ လဲနေတယ်"

ခဲ့ဆိုတဲ့ ရွာသားတစ်ဦးရဲ့အသံ ကြားလိုက်ရတယ်။

မောင်မွေးတို့တွေ သွားကြည့်တဲ့အခါ ခေါင်းမှာ သွေးတွေ ယိုစီးကျနေတဲ့မိခင်ကို တွေ့လိုက်ရတယ်။

ရွာသားတွေက ဓာတ်မီးနဲ့ ထိုးကြည့်ရင်း ...

"ဟာ ... သွေးတွေ အများကြီးထွက်နေတယ်၊

မဖြစ်ဘူး၊ ရွာလူကြီးအိမ် ခေါ်သွားမှဖြစ်မယ်၊



ဒေါ်ဖွားအိုကို မ,ကြပါဦးဟ"

လို့ အထိတ်တလန့် ရေရွတ်ပြီး မ,ချီသွားကြတယ်။

မောင်မွေးတို့မောင်နှမလည်း မျက်နှာငယ်လေးတွေနဲ့ လိုက်ပါသွားကြတယ်။

ကျေးရွာလူကြီးဦးဘသက်ရဲ့ခြံဝိုင်းထဲရောက်တော့ ဆေးဆရာကြီးကို အမြန်သွားခေါ်စေတယ်။

ဒေါ်ဖွားအိုကို အိမ်ရှေ့ကွပ်ပျစ်ပေါ် လှဲစေပြီး မိန်းမတစ်ဦးက သွေးတွေ သုတ်ပေးလိုက်တယ်။

ဆေးဆရာကြီးရောက်လာတဲ့အခါ ဒဏ်ရာကို ဆေးထည့်ပတ်တီးစည်းပေးပြီး ဆေးသစ်ရွက်တချို့ကို နှာခေါင်းမှာ တေ့ပေးလိုက်တယ်။

ခဏနေတော့ ဒေါ်ဖွားအို မျက်လုံးပွင့်လာတယ်။

"ဘယ်လိုဖြစ်သလဲ မဖွားအို၊

ကျုပ်ကို သေချာပြောစမ်းပါ"

ဒေါ်ဖွားအိုဟာ ဒဏ်ရာအရှိန်ကြောင့် နာကျင်နေရာက

www.burmeseclassic.com

www.burmeseclassic.com



ညည်းညူရင်း ...

"ကျုပ် မနက်အတွက် ဆန်လာဝယ်တာ၊

ဝယ်ပြီးအပြန် အနောက်ကနေ ကျုပ်ကိုခေါ်လို့

လှည့်ကြည့်လိုက်တော့ ... အဲမှာ တုတ်နဲ့

အရိုက်ခံရသလို ခေါင်းထဲပူပြီး

လဲကျသွားတယ်"

ကျေးရွာလူကြီးဦးဘသက်က မျက်မှောင်ကြုတ်ပြီး ...

"ကျုပ်တို့ရွာမှာ ဒီလိုရိုက်မှုမျိုးက

သိပ်ရှားပါတယ်၊ မဖွားအိုကို

လူမှားပြီးတော့များ ရိုက်သွားတာလား၊

ဒီလိုကိစ္စမျိုးဖြစ်ရင်လည်း ...

ရွာကလူတွေတော့ မဖြစ်နိုင်ဘူး၊

တခြားရွာက လူတွေပဲ ဖြစ်ရမယ်"

လို့ ပြောလိုက်တဲ့အခါ ရွာသားတွေက ...

"ကျုပ်တို့တော့ ဒီလိုမထင်ဘူး ဦးလေး၊



နာမည်ခေါ်ပြီး ခေါ်လေးဖွားအိုက

လှည့်ကြည့်တော့မှ ဆော်သွားတာ၊

လူမှားတာ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်ဗျ ... ဒါဟာ ...

ဒေါ်လေးကို မကျေနပ်လို့

တမင်လုပ်သွားတာပဲ"

လို့ တစ်ယောက်တစ်မျိုး ပြောကြတဲ့အခါ ဒေါ်ဖွားအိုက

"မဖြစ်နိုင်ပါဘူး လူလေးတို့ရယ်၊

အဒေါ်လို အိုကြီးအိုမကြီးက ...

မကျေနပ်တဲ့လူ မရှိနိုင်ပါဘူး"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ ရွာသူတစ်ယောက်က လူအုပ်ကြား တိုးဝင်လာပြီး ...

"ကျုပ်ကတော့ ဒေါ်လေးအိုကို

ရိုက်သွားတာ တခြားလူမထင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မိစောလို့ပဲ ထင်တယ်”

လို့ ပြောလိုက်တဲ့အခါ လူအားလုံး လန့်ဖျပ်သွားကုန်တယ်။

“အို ... ကျွန်မသမီးဟာ မိဘအပေါ်

ရိုင်းစိုင်းပေမယ့် ဒီလိုတော့ မလုပ်နိုင်ဘူး၊

ခုလို ကျွန်မရဲ့ဒဏ်ရာကို ဝိုင်းပြီး

ဂရုစိုက်ပေးတာ ကျေးဇူးတင်ပါတယ်၊

ကျွန်မ ပြန်ပါရစေတော့”

ဒေါ်ဖွားအိုက သားနဲ့သမီးကိုခေါ်ပြီး ရွာလူကြီးအိမ်ကနေ ပြန်ခဲ့တော့တယ်။

ဒေါ်ဖွားအိုတို့ ထွက်သွားတဲ့အခါ ရွာလူကြီးဦးဘသက်က ထင်ကြေးပေးဝေဖန်နေတဲ့ ရွာသားတွေကို ...

“အားလုံး တော်ကြပါ၊

မဖွားအိုပြောတာ ငါ လက်ခံတယ်၊

မိစောဟာ ရိုင်းစိုင်းပေမယ့်



ဒီလောက်ထိတော့ သူ့မအေကို

အန္တရာယ်မပြုနိုင်ဘူး၊

ရွာထဲမှာ ရိုက်မှုဖြစ်တဲ့အတွက်

ဒီကိစ္စကို ငါ စုံစမ်းမယ်၊

အားလုံးပြန်ကြတော့”

လို့ ပြောလိုက်တော့မှ ရွာသားတွေဟာ လူကြီးအိမ်ကနေ လှည့်ပြန်သွားကြတော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

မိစ္ဆာတစ်ယောက် ... အသုပ်သည်

ဒေါ်ဝက်မအိမ်မှာ ဘာအလုပ်မှမလုပ်ဘဲ စားသောက်လိုက်၊ အိပ်လိုက်နဲ့ သောင်တင်နေတယ်။

ဒေါ်ဝက်မကလည်း ဒီလိုနေခြင်းကို မှုစ်မြို့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မိစော စိတ်လိုက်မာန်ပါ လျှောက်လုပ်မှာစိုးတဲ့အတွက် နှုတ်ဆိတ်နေရှာတယ်။

တစ်ညမှာတော့ မိစောနဲ့ဒေါ်ဝက်မဟာ အိမ်ရှေ့ကွပ်ပျစ်မှာ မီးတောက်ထိုင်သောက်နေကြတယ်။

"အာ ... ကုန်သွားပြီ ဒေါ်ဝက်ရ၊

ကျုပ် မဝသေးဘူးဗျာ ... ပြဿနာပဲ"

"မိစောရယ် ... ညည်းကို

သောက်တတ်အောင် သင်ပေးတာက ငါပါ၊

နင်က ဆရာထက် လက်စောင်းထက်နေပြီ၊

နင် ဒီလိုဆက်နေရင်း ဒုက္ခရောက်လိမ့်မယ်၊

တော်ပါတော့ဟယ်၊

သောက်ထားတာလည်း များနေပြီ ... အိပ်တော့"

ဒေါ်ဝက်မရဲ့စကားကြောင့် မိစောတစ်ယောက် မတော့မနပ်ဖြစ်ပြီး ထိုင်ရာက ထလိုက်တယ်။

"ကျုပ်ကို တရားဟောမနေနဲ့ ဒေါ်ဝက်၊



ကျုပ် နေချင်သလိုနေမယ်၊

လုပ်ချင်တာ လုပ်မယ်၊ ဒါပဲ"

မိစောက ပြောပြီး အောက်ဆင်းလိုက်တယ်။

"ဟဲ့ ... နင် ဘယ်သွားမလို့လဲ ... မှောင်နေပြီ"

မိစောက ခြံဝလျှောက်သွားရင်း ...

"ဘယ်သွားရမလဲ ... မီးတောက်သွားဝယ်ဖို့ပေါ့၊

သိလျက်နဲ့ လျှာရှည်နေသေးတယ်"

လို့ပြောပြီး ထွက်သွားတယ်။

မိစောတစ်ယောက် ယိုင်တီယိုင်တိုင်နဲ့ ရွာလမ်းအတိုင်း လျှောက်သွားတယ်။

အရက်ပုန်းဆိုင်မှာ သူမ အရက်ဝင်ဝယ်တဲ့အခါ ဆိုင်ထဲရှိလူတွေက သူမကို စူးစမ်းဟန်နဲ့ ကြည့်နေကြတယ်။

မိစောဟာ ခပ်တည်တည်နဲ့ မီးတောက်သုံးလုံးဝယ်လိုက်တယ်။

သူမ ဆိုင်အပြင်ရောက်တော့ ဆိုင်ထဲက အရက်သမား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် လိုက်ပါလာတယ်။

အရက်ဆိုင်ရဲ့ ခပ်လှမ်းလှမ်းကိုရောက်တော့ ...

"ဟော့ကောင် ... မင်းမိန်းမလည်း

သတိထားဦးနော်၊ အခုက ...

တီဗွီမှာလာနေတဲ့ ကိုရီးယားဇာတ်တွေ

အားကျပြီး တို့ရွာက မိန်းမတွေတောင်

ခွက်ပုန်းချနေကြပြီကွ၊

မင်းမိန်းမ အရက်စွဲလို့

မင်းဝေစု ဖွဲ့ပေးရဦးမယ်ကွ၊

ဟား ဟား ဟား ... အေ့"

အရက်သမားရဲ့စကားကြောင့် မိစောဟာ ခြေလှမ်းတန့်သွားတယ်။ နောက်ကို ဆတ်ခနဲ လှည့်ပြီးကြည့်လိုက်တယ်။

မိစောက နှုတ်ခမ်းကို မဲ့လိုက်ရင်း ...

"ဩော် ... ဘယ်သူများလည်းမှတ်တယ်

သာဒင်ကိုး၊ ဟဲ့အကောင် ...



နင် ခုနက ဘာစောက်စကား ပြောတာလဲ၊

ဘယ်သူ့ကိုစောင်းပြောနေတာလဲ၊

ပြောစမ်း ... သူတောင်းစား"

မိစောရဲ့သူတောင်းစားဆိုတဲ့စကားကြောင့် သာဒင်ဟာ မျက်နှာတင်းမာသွားတယ်။

"ဘာ ... ငါ့ကို သူတောင်းစားနဲ့နှိုင်းတယ်

ဟုတ်လား၊ အေး ... သူတောင်းစားက

ငရဲမရောက်ဘူး၊ နင်သာ အပါယ်ကျမှာ

အဇာတသတ်မ,ရဲ့ ... မှတ်ထားစမ်း"

သာဒင့်အပြောကြောင့် မိစောတစ်ယောက် ယမ်းပုံမီးကျမတတ် ပေါက်ကွဲသွားပြီး ...

"ငါ့ကို အဇာတသတ်မ,လို့ ပြောတဲ့ကောင်၊

နင် သင်္ချိုင်းကုန်းရောက်ပြီမှတ်"

လို့ ကြုံးဝါးပြီး သာဒင့်ကို စောက်ကန်ပစ်လိုက်တယ်။

အရက်မူးနေတဲ့ သာဒင်နဲ့ကျန်တစ်ယောက်ဟာ မိစော

www.burmeseclassic.com

www.burmeseclassic.com



ကို ဒေါသအကြီးအကျယ်ထွက်ပြီး ထိုးကြိတ်ကြတော့တယ်။

မိစောကလည်း မီးတောက်အရှိန်နဲ့ နွှားရိုင်းလို ပြန်လည်ထိုးကြိတ်တယ်။

သာဒင်က အနီးမှာတွေ့ရတဲ့ အုတ်ခဲကို ကောက်ယူပြီး မိစောကို ထုဖို့ရွယ်လိုက်တယ်။

လက်မြန်တဲ့ မိစောက ၎င်းရဲ့လက်က အုတ်ခဲကို လုယူပြီး ခေါင်းကို ထုပစ်လိုက်တယ်။

"အား" ခနဲသံနဲ့ သာဒင် လဲကျသွားတဲ့အခါ ကျန်တစ်ယောက်က မိစောကို ဖမ်းချုပ်လိုက်တယ်။

မိစောက ထိုလူကို တံတောင်နဲ့တွတ်လိုက်ပြီး ကုပ်ကဆွဲကိုင်လိုက်တယ်။

ပြီးတော့ ... သာဒင့်နည်းတူ ခေါင်းကို ထုနှက်ပစ်လိုက်တယ်။

အရက်သမားနှစ်ယောက်လုံး ခေါင်းကွဲပြီး မြေမှာလဲတဲ့အခါ မိစောက လက်ညှိုးထိုးပြီး ...



"မှတ်ထား သူတောင်းစားတွေ၊
မိစောကို လာထိရင် မီးပွင့်ဖို့သာ
ပြင်ထားကြ၊ အေး ... မကျေနပ်လို့
လူကြီးတိုင်ချင် တိုင်လိုက်စမ်း၊
မိစောတို့က ကြိုးစင်တက်ဖို့တောင်
ဝန်မလေးဘူး၊
နင်တို့လိုကောင်မပြောနဲ့ ငါ့မအေတောင်
စောက်မြင်ကတ်လို့ ခြောင်းရိုက်ပစ်ခဲ့တာ
မှတ်ထားစမ်း၊
မိစောတဲ့ တစောတည်းရှိတယ်"

လို့ ကြိမ်းဝါးပြီး ထိုနေရာက ထွက်သွားတော့တယ်။

အရက်သမားနှစ်ယောက်ဟာ ဒဏ်ရာကို လက်နဲ့အုပ်ရင်း မကျေမနပ်တက်ခေါက်လိုက်ကြတယ်။

❒❒❒

www.burmeseclassic.com

# အပိုင်း (၁၂)

## နောက်တစ်နေ့နေ့လယ်ခင်းမှာတော့...

မိစောဟာ ဗိုက်ဆာတဲ့အတွက် ဒေါ်ဝက်မဆိုင်သွားပြီး အသုပ်စားဖို့ ခြံပြင်ထွက်လိုက်တယ်။

ထိုအချိန်မှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ခြံဝရပ်နေတဲ့ ရဟန်းတစ်ပါးကို မြင်လိုက်ရတယ်။

မိစောက ထိုရဟန်းကို စွေစောင်းကြည့်ပြီး ...

"ဘာလို့ ခြံဝရပ်နေတာလဲ ဘုန်းကြီး"

လို့ မေးလိုက်တယ်။ ရဟန်းက မျက်လွှာချလျက် ...

"ကိုယ်တော် ဆွမ်းအလှူခံချင်လို့ပါ ဒကာမလေး"

လို့ မိန့်လိုက်တယ်။

ရဟန်းရဲ့စကားကြောင့် မိစောရဲ့မျက်နှာ ရှုံ့မဲ့သွားပြီး

"ငါတောင် စားစရာမရှိလို့

ဒေါ်ဝက်မဆီသွားပြီး အသုပ်စားမလို့

ထွက်လာတာ ... အရေးထဲ ဘုန်းကြီးက

အလှူလာခံနေသေးတယ်၊ အင်း ...

ဘုန်းကြီးကြည့်ရတာ ငါ့လိုပဲ

ဗိုက်ဆာနေလို့ဖြစ်မှာပါ"

လို့ တွေးမိလိုက်တယ်။

"အိမ်မှာတော့ ဘာမှမရှိဘူး ဘုန်းကြီး၊



ကျုပ်နောက်လိုက်ခဲ့လိုက်ပါ"

မိစောက ထိုသို့ပြောပြီး ထွက်သွားတယ်။

ဒေါ်ဝက်မရဲ့အသုပ်ဆိုင်ရောက်တော့ သံဃာတော်နဲ့ အတူလာတဲ့ မိစောကိုကြည့်ပြီး ဒေါ်ဝက်မ အံ့အားသင့်သွားတယ်။

"အသုပ်တစ်ပွဲထုပ်ပေး၊ ဒေါ်ဝက် ...

ဒီမှာ ဘုန်းကြီးကိုကျွေးမလို့"

"ဟဲ့ မိစော ... သံဃာကို ကျွေးတယ်လို့

မပြောရဘူးလေ၊ လောင်းလှူတယ်၊

ကပ်လှူတယ်လို့ ပြောရတယ်"

မိစောက ခံ့မှာဝင်ထိုင်ရင်း ...

"မြန်မြန်လုပ်ပေးလိုက်ဗျာ၊

ကျုပ်လည်း သူ့လို ဗိုက်ဆာနေပြီ"

ဒေါ်ဝက်မလည်း သံဃာတော်အတွက် အသုပ်ကို အကောင်းဆုံးဖြစ်အောင် သုပ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... ရပြီမိစော ... နင်လောင်းလိုက်၊

ငါ့လက်တွေက ပေနေလို့"

မိစောက စိတ်ရှုပ်ထွေးဟန်နဲ့ ထပြီး လောင်းလှူလိုက်တယ်။

လက်တစ်ဖက်တည်းနဲ့ လောင်းလှူဖို့ ပြင်နေတဲ့ မိစောကြောင့် ...

"အို မိစော ... ဒီလိုမလုပ်ရဘူးလေ၊

လက်နှစ်ဖက်နဲ့ သေချာကပ်လှူရတယ်"

ဒေါ်ဝက်မရဲ့အပြောကြောင့် မိစောဟာ အသုပ်ကို လက်နှစ်ဖက်နဲ့ ကပ်လှူလိုက်တယ်။

ရဟန်းက မိစောရဲ့ကပ်လှူခြင်းကို လက်ခံယူပြီး ဆုပေးနေတယ်။

မိစောလည်း လက်အုပ်ချီပြီး 'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ' လို့ ရေရွတ်လိုက်တယ်။

သံဃာတော်ကြွချီသွားတဲ့အခါ ဒေါ်ဝက်မက အသုပ်



ပန်းကန်လှမ်းပေးရင်း ...

"အေးဟယ် ... နင် ဒီလို

သံဃာတော်ကို ကပ်လှူတာတွေ့တော့

ငါ ဝမ်းသာမိတယ်"

လို့ ပြောလိုက်တယ်။

မိစောက ခေါက်ဆွဲသုပ်ကို ပလုတ်ပလောင်းစားရင်း...

"အပိုတွေမပြောနဲ့ ဒေါ်ဝက်၊

ကျုပ် ဗိုက်ဆာသလို ဘုန်းကြီးလည်း

ဆာမှာပဲတွေးပြီး ဒီခေါ်လာတာ၊

ပါးစပ်ပိတ်တော့ဗျာ၊

စားရတာ အာရုံနှောက်တယ်"

ဒေါ်ဝက်မလည်း ဘာမှမပြောဘဲ ငြိမ်နေလိုက်တယ်။

"ဒေါ်ဝက်ရေ ... ကြာဆန်သုပ်တစ်ပွဲတော့"

အသံနဲ့အတူ မိန်းမနှစ်ယောက် ရောက်လာပြီး ဝင်ထိုင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိစော ... နင်လည်း

အသုပ်စားနေတာလား"

ဒေါ်ရင်ကြည်ဆေးလိပ်ခုံမှာအတူလုပ်ခဲ့တဲ့ မိလှရဲ့အမေး

ကြောင့် ...

"ငါ အသုပ်စားနေတာ နင်ကန်းနေလား၊

မလိုတာတွေ လျှောက်ပြောနေတယ်"

"မဟုတ်ပါဘူး မိစောရယ်၊

နင့်အမေ ဟိုနေ့က အရိုက်ခံရတယ်ဆို၊

သက်သာရဲ့လား မေးချင်လို့ပါဟာ"

မိစောတစ်ယောက် မိလှရဲ့အပြောကြောင့် မျက်နှာပျက်

သွားတယ်။

အသုပ်ပန်းကန်ကို ဒုန်းခနဲ ဆောင့်ချလိုက်ပြီး ...

"အာချောင်တဲ့ နင့်ပါးစပ်ကို

ငါ ဖြတ်ရိုက်မိတော့မယ်နော်၊

ငါ့အမေအကြောင်းသိချင် သူ့သွားမေး၊



ငါနဲ့ ဘာမှမဆိုင်ဘူး ကောင်မရဲ့ ... တောက်"

လို့ ကြမ်းတမ်းစွာပြောပြီး ထထွက်သွားတယ်။

"မိစောကိုယ်စား ငါ တောင်းပန်ပါတယ်

မိလှရာ၊ ဒီကောင်မ ပါးစပ်သိပ်ဆိုးတယ်၊

ဒင်းပါးစပ်ကြောင့် ဘယ်အချိန်

ဒုက္ခတွေ့မလဲ မသိဘူး"

ဒေါ်ဝက်မရဲ့အပြောကြောင့် မိလှက ...

"ကျုပ်တို့က သူနဲ့ အလုပ်တူလုပ်ခဲ့တာပါရှင်၊

သူ ဘယ်လောက်ရိုင်းသလဲ အသိဆုံးပါ၊

မနေနိုင်သွားမေးမိတဲ့ ပါးစပ်ကိုပဲ

အပြစ်တင်မိတယ်တော့"

လို့ပြောလိုက်တဲ့အခါ မိလှနဲ့အတူပါလာတဲ့ ဝိုင်းစိန်မက

"ကျုပ်ကတော့ ဒင်းကို မကျေနပ်ဘူး၊

ကျုပ်အစ်ကို ကိုကြီးသာဒင်ကို

ခေါင်းပေါက်အောင်လုပ်တာ ဒင်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီးဆီမှာ ငါးချက်တောင်

ချုပ်လိုက်ရတယ်အေ့”

လို့ ပြောလိုက်တဲ့အခါ ဒေါ်ဝက်မတို့ မျက်လုံးပြူးသွားကြတယ်။

“ဘာ ... မိစောရိုက်လိုက်တယ် ဟုတ်လား၊

ငါတောင် မသိပါလား မိစိန်ရဲ့၊ ဟုတ်ရဲ့လားဟယ်”

“ဘာလို့မဟုတ်ရမှာလဲတော့ ...

မိစောက အရက်သောက်တတ်နေပြီ၊

အတူနေပြီး ဒေါ်ဝက်မ မသိဘူးလား၊

ညဘက် သူအရက်ဝယ်ရင်း

ကိုကြီးသာဒင်နဲ့ ပြဿနာတက်တာ၊

သူက ကိုကြီးသာဒင်ကို အုတ်ခဲနဲ့ထုပြီး

ခြိမ်းခြောက်သွားတယ်လေ၊

ကြိုက်တဲ့သူတိုင် ဂရုမစိုက်ဘူးတဲ့၊

သူ့အမေတောင် သူ ခြောင်းရိုက်ခဲ့တာတဲ့၊



ကြိုးစင်တက်ဖို့တောင် ဝန်မလေးဘူးတဲ့လေ၊

ဒါ့ကြောင့် ... ငါ့အစ်ကိုလည်း

ရွာသူကြီးကို မတိုင်ရဲတာပေါ့၊

ခံလိုက်ရတာ ငါ့အစ်ကိုရော၊

သူ့သူငယ်ချင်း ငမြရောပဲအေ့”

ဝိုင်းစိန်မရဲ့စကားကြောင့် ဒေါ်ဝက်မဟာ မနေ့ညက မိစော အရက်ဝယ်တာကို သတိရသွားတယ်။

မိလှက ရင်ဘတ်ဖိရင်း ...

“မိစောတော့ မြေမျိုတော့မှာပဲ၊

မအေကိုတောင် မကျေနပ်လို့

ခြောင်းရိုက်ရတယ်လို့၊ ဘုရား ... ဘုရား ...

သိပ်ကြောက်ဖို့ကောင်းတဲ့ မိန်းမပဲ၊

ဒီသတင်း ရွာထဲ ငါ ဖြန့်ရမယ်”

လို့ ပြောလိုက်တော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

## နောက်တစ်နေ့သ . . .

ခုနစ်နာရီခွဲခန့်အချိန် ...

ဒေါ်ဝက်မတစ်ယောက် ရေမိုးချိုးပြီး သနပ်ခါးလူးရင်း

"မိစောရေ ... ငါ ရွာလူကြီးအိမ်သွားရဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



နင် ဗိုက်ဆာရင် စားထားနှင့်ချေ၊
ငါးခြောက်ကြောက်နဲ့ပဲဟင်း ရှိတယ်နော်"
လို့ လှမ်းပြောလိုက်တယ်။
မိစောက မီးတောက်ကို ခွက်ထဲ ငှဲ့လိုက်ရင်း ...
"လူကြီးအိမ်ဟုတ်လား၊
ဘာအကြောင်းရှိလို့လဲ ဒေါ်ဝက်"
လို့ မေးလိုက်တယ်။
ဒေါ်ဝက်မက အဝတ်အစားလဲရင်းက ...
"မီတာဘောက်တွေ ချပေးတော့မယ်လေ၊
အဲ့ကိစ္စ ဦးဘသက်က အစည်းအဝေးခေါ်ထားတာ"
လို့ ပြောလိုက်တယ်။
မိစောက မီးတောက်ကို မှုတ်ချလိုက်ပြီး ...
"သူတို့က အလကားချပေးမှာလားဗျ"
"ဩော် မိစောရယ် ... အလကားတော့
ဘယ်ဟုတ်မလဲ၊



ငွေတော့ သွင်းရမှာပေါ့ဟဲ့၊
ဘာပဲဖြစ်ဖြစ် ... တို့ရွာလေး
လျှပ်စစ်မီးရောင်မြင်ရတော့မယ်လေ၊
ကောင်းပါတယ်အေ ... နောက်မို့ဆို
သူများအိမ်က တစ်လနှစ်ထောင်,သုံးထောင်ပေးပြီး
မီးသွယ်နေတဲ့လူတွေ ဝင်ကျွတ်သွားတာပေါ့၊
မီတာဘောက်ရှိသွားရင် ကြိုက်သလောက်သုံး၊
ကျသလောက်ဆောင်ရုံပဲအေ့၊
တို့တော့ တစ်လသုံးထောင်မပေးနိုင်လို့
ဖယောင်းတိုင်နဲ့ပဲ နေခဲ့တာ"
"ဟ ... ဒေါ်ဝက်ရ ...
ခင်ဗျားက သူများဆီကတစ်ဆင့်
မီးတောင်မသွယ်နိုင်ဘဲနဲ့များ
မီတာဘောက်အတွက်
ငွေက ဘယ်ကရမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကြီး ... ဟာဟ"

ဒေါ်ဝက်မက ကွပ်ပျစ်ဆီ ထွက်လာရင်း ...

"လက်ထဲတော့ ငွေသောင်းဂဏန်းမျိုး

ဘယ်ရှိပါ့မလဲဟယ်၊

ရှိတဲ့နားကပ်လေး ပေါင်နှံပြီး

လုပ်ရမှာပေါ့အေ့၊ မီတာဘောက်ရရင်

တစ်သက်လုံး စိတ်အေးရပြီလေဟ၊

ညည်းနဲ့ စကားပြောနေတာနဲ့

ငါ နောက်ကျတော့မယ်၊

သွားပြီဟေ့"

လို့ပြောပြီး ထွက်သွားတယ်။

"ကြွ ... ကြွ ... ဒါမှ နားအေးပါအေး

တစ်ယောက်တည်း သောက်လို့ရမှာ၊

အား ... ဒီည လေမတိုက်ပါလား၊

မြေကြီးပေါ် ဖျာခင်းထိုင်တာမှ



ပိုကောင်းဦးမယ်"

မီဓောက တစ်ယောက်တည်း ပြောဆိုရင်း ကွပ်ပျစ်ပေါ်က ဖျာကြမ်းကို မ,ယူလိုက်တယ်။

ပြီးတော့ မြေပေါ်ခင်းပြီး မီးတောက် ... ပဲလှော်သုပ်တို့နဲ့ စည်းစိမ်ခံစားလိုက်တယ်။

ထိုအချိန် အရက်ပုန်းဆိုင်ထဲမှာတော့ ...

"အား ... မီးတောက်လေးဝင်သွားမှ

ခေါင်းကဒဏ်ရာ သက်သာသွားတော့တယ်၊

မင်းရော ခေါင်းမနာဘူးလားကွ ငမြရ"

သာဒင်ရဲ့အမေးကြောင့် ငမြက ...

"ဟ ... ဘယ့်နှယ်မေးလိုက်တာလဲ သာဒင်ရာ၊

ဟိုကောင်မ အားကြီးနဲ့နက်သွားတာ၊

မနာဘဲနေမလားဗျ၊

ကျုပ်တော့ ဒီကောင်မကို

လုံးဝမကျေနပ်ဘူးဗျာ ... တောက်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

သာဒင်က မီးတောက်အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လိုက်တယ်။

အကြမ်းပန်းကန်လုံးနဲ့ ရှစ်ခွက်လောက် ဝင်သွားပြီးတဲ့ အခါ ...

"ဒါဟာ ... မှုးချင်း တစ်လုံး

ပိုသောက်သွားတာပဲကွ"

သာဒင်ရဲ့အပြောကြောင့် မြေက ...

"ဘာစကားကြီးလဲ၊ ငါ နားလည်အောင်

ပြောစမ်းကွာ"

"ဟ ... မင်းကလည်း သူလည်း

သောက်ထားတယ်၊

ငါတို့လည်း သောက်ထားတာပဲ၊

သောက်ထားတာချင်းအတူတူ

ငါတို့နှစ်ယောက်လုံး ခံလိုက်ရတာကို



ပြောတာကွ၊

ဒီကောင်မကို အရေခွံဆုတ်ပစ်ရမယ် မြေရ"

မြေက လက်ဖျောက်တီးလိုက်ရင်း ...

"ကြိုက်တယ် ... ဒီလိုပဲ ဖြစ်သင့်တယ်၊

ကြိုက်တဲ့ချိန်ပြောကွာ၊

ဒီကောင်မကို အရေခွံလှန်ပစ်မယ်ကွ၊

တောက်"

လို့ ကြုံးဝါးလိုက်တယ်။

သာဒင်က မီးတောက်တစ်လုံး လှမ်းမှာလိုက်တယ်။

ပြီးတော့ ... ကျသင့်ငွေ ရှင်းလိုက်ပြီး ...

"ကဲ ... ထကွာ မြေ၊

မကြေပွဲလေး သွားနွှဲလိုက်ရအောင်"

လို့ ပြောလိုက်တယ်။

"ဟင် ... အခုလားကွ၊

ဖြစ်ပါ့မလားကွ၊

www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်မှ,က အသုပ်သည်

ဒေါ်ဝက်မအိမ်မှာနော်၊

ဒေါ်ဝက်မလည်း ပါးစပ်ကြမ်းတယ်ကွ”

သာဒင်က ထိုင်ရာက ထလိုက်တယ်။

“မင်း သိပ်တုံးတဲ့ကောင်ပဲကွာ၊

ဒီည … ဦးဘသက်အိမ်မှာ

အစည်းအဝေးရှိတယ်၊

ဒေါ်ဝက်မ လုံးဝအိမ်မှာမရှိနိုင်ဘူးကွ၊

မိစောက ဦးဘသက်နဲ့ ပြဿနာတက်ထားတော့

လိုက်သွားမှာ မဟုတ်ဘူးကွ၊

လာစမ်းပါကွာ”

ဒီနောက်မှာတော့ သာဒင်နဲ့ငမြဟာ ဒယိမ်းဒယိုင်နဲ့

ထွက်သွားကြတော့တယ်။

□□□

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဝက်မရဲ့ ခြံဝိုင်းရှေ့ရောက်တော့ ခြံတံခါးဖွင့်ထားတာ တွေ့ရတယ်။

သာဒင်တို့ဟာ ခြံထဲ တိတ်တဆိတ် ဝင်သွားကြတယ်။

တဲအိမ်လေးရဲ့ရှေ့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် နှစ်



ယောက်သား မျက်လုံးပြူးသွားမိတယ်။

မီးတောက်ပုလင်းခွံတွေကြားထဲ ဒူးပေါ်ပေါင်ပေါ် လှဲနေတဲ့ မိစော ...

နှစ်ယောက်သား မိစောကို စူးစိုက်ကြည့်ရင်း မျက်လုံးတွေ အရောင်ပြောင်းသွားတယ်။

သာဒင်က ငမြကို မျက်ရိပ်ပြလိုက်တယ်။

ဒါကို နားမလည်တဲ့ ငမြက လေသံနဲ့ ...

"ဘာပြောတာလဲကွ ... ငါ နားမလည်ဘူး"

မေးလိုက်တယ်။

"တုံးလိုက်တဲ့ ငမြ၊

ကြောင်မှန်ရင် ငါးကြော်ကြိုက်စမြဲကွ၊

ငါပြောမယ် ... သေချာနားထောင်"

သာဒင်က ထိုသို့ဆိုရင် ငမြနားကပ်ပြီး တီးတိုးပြောလိုက်တယ်။

ငမြက အထိတ်တလန့်ဟန်နဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"အာ ... မဖြစ်နိုင်ပါဘူးကွာ၊
ဒီလောက် အရုပ်ဆိုးတဲ့မိန်းမကို ...
ရွံစရာကြီးကွာ"

လို့ ငြင်းဆန်လိုက်တဲ့အခါ သာဒင်က ...

"မင်းသွေးကြောင်ရင် ... ဒီအတိုင်းနေ၊
အေး ... ငါတော့ ကူညီပေး၊
ကြာတယ်ကွာ ... လာ"

လို့ပြောပြီး မိစောရှိရာ ချဉ်းကပ်သွားတယ်။

လူမှန်းသူမှန်းမသိအောင် မှောက်နေတဲ့ မိစောကို သာဒင်က ပွေ့ဖက်လိုက်တယ်။

"အင်း ... ဒေါ်ဝက်လား၊
မထူနဲ့ဗျာ ... ကျုပ် ဒီမှာပဲ
အိပ်ချင်တယ် ... အင်း"

ညည်းညူသံနဲ့အတူ မိစော ခွေလဲကျသွားတယ်။

သာဒင်က မိစောရဲ့လက်တွေကို ငြေကြိုး ချုပ်ထားစေတယ်။



ပြီးတဲ့အခါမှာတော့ သာဒင်ဟာ မိစောကို အဓမ္မပြုကျင့်တော့တယ်။

အမူးလွန်နေတဲ့ မိစောဟာ သာဒင်ရဲ့လက်အောက် ရုန်းကန်ခြင်း မဲ့နေရှာတယ်။

မိစောကို ချုပ်ကိုင်ပေးထားတဲ့ ငြေတစ်ယောက် စိတ်ရိုင်းတွေ ဝင်လာပြီး ...

"မင်း လက်တို့ပြန်ပြီးရင် ငါ့အလှည့်ပေါ့၊
ခေါင်းပေါက်ထားပြီး ရှာလူကြီးနဲ့
မတိုင်ရဲလောက်အောင် ဒီကောင်မ
လုပ်ထားတာ၊ ကောင်းကောင်း
လက်တို့ပြန်ရမယ်ကွ"

လို့ ကြုံးဝါးပြီး သာဒင်နဲ့ နေရာချင်း လဲလိုက်တယ်။

ဒီအချိန်မှာပဲ မိစောတစ်ယောက် မျက်လုံးပွင့်လာတယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူမ ထိတ်လန့်သွားပြီး

"ဟင် ... အယုတ်တမာကောင်တွေ၊

www.burmeseclassic.com



လွှတ် ... ငါ့ကိုလွှတ်စမ်း၊

ခွေးမျိုးတွေ”

လို့ အော်ဟစ်ရုန်းကန်ရင်း ချုပ်ကိုင်ထားတဲ့ သာဒင့်ရဲ့ လက်ကို ကိုက်ပစ်လိုက်တယ်။

“ကောင်မ ... ငါ့ကို ခွေးမ,လို

ကိုက်တယ်ပေါ့ ... ကဲကွာ”

သာဒင်က မိစောရဲ့ပါးကို အားကုန်လွှဲရိုက်ပစ်လိုက်တယ်။

“ဟေ့ကောင် ... ဒီကောင်မကို

ငြိမ်အောင်ထိန်းကွာ၊

ပတ်ဝန်းကျင် ကြားကုန်မယ်ကွာ၊

ထိန်းထားစမ်း”

ငမြရဲ့အပြောကြောင့် ဒေါသသွေးဆူနေတဲ့ သာဒင်က အနီးမှာရှိတဲ့ ကျောက်ပြားကြီးကို ဆွဲမ,လိုက်တယ်။ ပြီးတော့ ... မိစောရဲ့ခေါင်းကို အားကုန်လွှဲရိုက်ချလိုက်တယ်။



မိစောတစ်ယောက် အရက်သွေးကြွနေတဲ့ သာဒင်ရဲ့ လက်ချက်ကြောင့် ...

အင့် ... ခနဲ အသံထွက်ပြီး ငြိမ်ကျသွားရှာတယ်။

သာဒင်က မိစောရဲ့နှာခေါင်းကို စမ်းကြည့်ပြီး ...

“ဟာ ... ငမြ ... ဒီကောင်မ

အသက်မရှူတော့ဘူးကွ၊

သေပြီထင်တယ်၊

မင်းကိစ္စပြီးရင် လစ်မှဖြစ်မယ်”

ငမြက ပုဆိုးကို ပြင်ဝတ်လိုက်ရင်း ...

“သေတော့ ကိစ္စပြတ်တာပေါ့၊

တို့ ဘယ်လစ်ကြမလဲ”

လို့ မေးလိုက်တယ်။

သာဒင်က ငမြရဲ့ပခုံးကိုဖက်ပြီး ...

“အေးဆေးပါ ... ငါ့မှာ နေရာရှိတယ်၊

လာ ... သွားကြမယ်ကွာ”

www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ သာဒင်နဲ့မြေဟာ ဒေါဝက်မရဲ့ခြံထဲ ကနေ တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားကြတော့တယ်။

□□□

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

မိစောတစ်ယောက် ... လဲနေရာက အားယူ

ထလိုက်တယ်။

အံကို တင်းနေအောင် ကြိတ်မိရင်း ...

"ငါ့ကို ယုတ်မာသွားတဲ့ သူတောင်းစားတွေ၊



မိစောအကြောင်း ပြရသေးတာပေါ့၊

သေဖို့သာ ပြင်စမ်း"

လို့ ကြုံးဝါးပြီး လူယုတ်မာတွေနောက် လိုက်ဖို့ပြင်လိုက်

တယ်။

ဒီအချိန်မှာပဲ သူမရဲ့လက်ကို အားပြင်းပြင်းနဲ့ ဆောင့်ဆွဲ

တာ ခံလိုက်ရတယ်။

သူမ ဒေါသတကြီးနဲ့ ...

"ဘယ်ကောင် ... ငါ့လက်ဆွဲရဲတာလဲ၊

လွှတ်စမ်း"

လို့ အော်ပြီး လှည့်ကြည့်လိုက်တယ်။

သူမအရပ်ထက် သုံးပြန်လောက်ရှိတဲ့ လူသန်ကြီးတစ်

ယောက်။

အပေါ်ပိုင်း ဗလာကျင်းနေသလို ခါးတောင်းကျိုက်ထား

တယ်။

"နင်ဟာ သရက်ကုန်းရွာသူ

www.burmeseclassic.com

www.burmeseclassic.com



မိစော မဟုတ်လား၊

မာထန်တဲ့အသံကြီးကြောင့် သူမလည်း ဆတ်ဆတ်ထိ မခံဘဲ ...

"အေး ... ငါ မိစောပဲ ... ဘာဖြစ်လဲ၊

ငါ့ကိစ္စ ဝင်မရှုပ်နဲ့၊

ဟိုကောင်တွေနောက် ငါ သွားရမယ်၊

လွှတ်စမ်း"

လူသန်ကြီးက သူမကို မီးပွင့်မတတ် မျက်လုံးကြီးနဲ့ စူးစိုက်ကြည့်ပြီး ...

"မိစော ... နင် ဘယ်မှသွားလို့မရဘူး၊

ငါနဲ့ လိုက်ခဲ့ရမယ် ... လာစမ်း"

လူသန်ကြီးက အပြောနဲ့အတူ သူမကို ဆောင့်ဆွဲခေါ် လိုက်တယ်။

မိစောဟာ အားကုန်ရုန်းကန်ပေမယ့် လူသန်ကြီးလက် က ရုန်းမရနိုင်ဘူး။



ဒီအချိန်မှာပဲ သူမရဲ့ရှေ့ရှိ မြေကြီးတွေဟာ မီးတောင် ပွက်သလို ဆူပွက်လာတယ်။

လူသန်ကြီးက ထိုပွက်နေတဲ့ မြေကြီးထဲ သူမကို ဆွဲ ခေါ်ပြီး ခုန်ဆင်းလိုက်တယ်။

ပူလောင်လွန်းလှတဲ့ အပူရှိန်ကြောင့် မိစောဟာ ငယ်သံ ပါအောင် အော်လိုက်မိတယ်။

ဆူပွက်နေတဲ့ မြေကြီးအောက် အချိန်အတော်ကြာအောင် သူမ နစ်မြုပ်သွားသလို ခံစားလိုက်ရတယ်။

အတန်ကြာတော့ ပုပ်အဲ့တဲ့ အနံ့ဆိုးကြီးက အော်ဂလီ ဆန်လောက်အောင် နှာခေါင်းထဲ ဝင်လာတယ်။

သူမလည်း ဘယ်လိုမှ မခံနိုင်တဲ့အတွက် ဝေါ့ ... ခနဲ အန်ချလိုက်တယ်။

မီးခိုးငွေ့လို ပူပြင်းတဲ့ အခိုးငွေ့တွေနဲ့အတူ ရှေးဟောင်း သံတံခါးကြီးတစ်ခုကို ရှေ့မှာ မြင်နေရတယ်။ လူသန်ကြီးက သူမကို ထိုသံတံခါးကြီးထဲ ခေါ်ဆောင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာလည်း ပုပ်သိုးသိုး စိမ်းရွှင်ရွှင်အနံ့ဆိုးကြီး ရနေသယို မှောင်မည်းနေတယ်။

အဝေးမှာ လှမ်းမြင်နေရတဲ့ မီးရောင်မှိန်ပျပျ ...

လူသန်ကြီးက ထိုနေရာကို ခေါ်ဆောင်သွားပြီး သူမကို ဆောင့်တွန်းပစ်လိုက်တယ်။

အရှိန်နဲ့ သူမ မြေပေါ်လဲကျသွားရတယ်။

ပြန်ထ,ဖို့ အားယူပြီး မော့ကြည့်လိုက်တော့ ...

ရေညှိအလိမ်းလိမ်းတက်နေတဲ့ ပလ္လင်ကြီးတစ်ခု ...

အပေါ်မှာတော့ မျက်နှာပေါက်ဆိုးပြီး ထွားကြိုင်းတဲ့ လူသန်ကြီးတစ်ယောက် ထိုင်နေတယ်။

"ခ ... ခင်ဗျားတို့ ဘယ်သူတွေလဲ၊

ကျုပ် ... ကျုပ်ကို ဘယ်ခေါ်လာတာလဲ၊

ကျုပ် ရွာကို ပြန်ပို့ပေးစမ်း"

သူမရဲ့အော်ဟစ်သံကြောင့် ပလ္လင်ပေါ်ရှိ လူသန်ကြီးက လက်မှာကိုင်ထားတဲ့ အဆူးပါတဲ့ တင်းပုတ်ကြီးကို ကိုင်မြှောက်



လိုက်ပြီး ...

"တော်စမ်း ... သရက်ကုန်းရွာသူ မိစော၊

လူ့ဘဝက လေသံနဲ့ ဒီမှာမပြောနဲ့၊

နင်ရောက်နေတာ မဟာအဝီစိငရဲဘုံပဲ၊

နင့်ရဲ့လူ့ဘဝက အ,ကုသိုလ်

ကောင်းမှုအားလုံး ငါတို့

သိပြီးသားဖြစ်တယ်၊

ဒီအတွက် ထိုက်သင့်တဲ့ပြစ်ဒဏ်

နင် ခံရလိမ့်မယ်၊

နင်ဟာ ... နင်ပြုလုပ်ခဲ့တဲ့ မကောင်းမှု၊

ကောင်းမှုအားလုံး ...

ခုချိန်ကစပြီး ခံစားရမယ်၊

ငရဲတပ်သားတွေ မိစောကို

တို့မဟာအဝီစိငရဲရဲ့အတွင်းကျဆုံးဖြစ်တဲ့

ဘင်ပုပ်ငရဲသို့ ခေါ်သွားစေ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ မဟာအဝီစိငရဲမင်းကြီးရဲ့အမိန့်

မရမချင်း မိစောဟာ ထိုငရဲခန်းအတွင်း

ကျခံစေ”

အသံကြောင့် မိစောဟာ အကြီးအကျယ် ထိတ်လန့်သွားတယ်။

မျက်ရည်ပိုးပိုးပေါက်ပေါက်ကျရင်း ငြင်းဆန်ဖို့ ကြိုးစားပေမယ့် ငရဲတပ်သားကြီးက လက်မောင်းရင်းကနေ ဆောင့်ဆွဲခေါ်လိုက်တဲ့အတွက် သူမ ဆွေ့ခနဲ ပါသွားရတယ်။

“မ ... မလုပ်ပါနဲ့ရှင်၊

ကျွန်မကို ပြန်ပို့ပေးပါ၊

ကျွန်မ ... ကျွန်မ ... ဒီမှာမနေပါရစေနဲ့၊

အစ်မရေ ... အစ်မ ...

ကျုပ်ကို ကယ်ပါဦးတော့”

သူမ ရှိုက်ကြီးတငင် ငိုယိုပြောပေမယ့် ငရဲတပ်သားက ဂရုမစိုက်ဘဲ ဆွဲခေါ်သွားတယ်။



သူမ သွားရာဘေးရှိနေရာအားလုံး အလျှံညီးညီး တောက်နေတဲ့ မီးလျှံတွေ ...

ငရဲတပ်သားကြီးက သူမကို ယူဇနာတစ်ရာတဲ့ ဘင်ပုပ်ငရဲဆီ ခေါ်ဆောင်သွားတယ်။

အထဲဝင်မိတယ်ဆိုရင်ပဲ အပြင်ကထက် အဆပေါင်းများစွာဆိုးတဲ့ အနံ့ကြီးကြောင့် မိစောဟာ မူးမေ့လဲကျမတတ်ဖြစ်သွားတယ်။

ထိုငရဲခန်းမှာ မစင်ပုပ်တွေနဲ့ ပြည့်နှက်နေသလို မစင်တွေထဲမှာ ပိန်းကောလေ့ကြီးလောက် ကြီးမားတဲ့ ပိုးလောက်ကောင်တွေလည်း ရှိနေတယ်။

ငရဲတပ်သားကြီးက မစင်တွင်းဝ,ရပ်ရင်း ...

“နင်ဟာ ကံကြီးထိုက်တဲ့အပြစ်ကြောင့်

မဟာအဝီစိငရဲမှာရှိတဲ့ အတွင်းအကျဆုံး

ဘင်ပုပ်ငရဲမှာ ငရဲကျခံရမှာဖြစ်တယ်၊

နင်ဟာ မစင်တွင်းကြီးထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်နဲ့ တစ်ပြိုင်နက် ...

အင်အားကြီးမားတဲ့ မစင်လောက်တွေရဲ့

ကိုက်ဖြတ်ခြင်းကို မရှုမလှ

ခံစားရလိမ့်မယ်၊

ငရဲကျခံစေ မိစ္ဆာ"

လို့ ပြောပြီး သူမကို မစင်တွင်းကြီးထဲ တွန်းချလိုက်တော့တယ်။

□□□

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

"ကံဆိုးလှချည်လား သမီးမိစောရယ်၊

အမေမသွားခင် သမီးက ဦးအောင်သွားနှင့်ပြီပေါ့၊

ဟီး ဟီး ဟီး ... အ ... အမေ့နားမှာလေ

သမီးရဲ့ခေါ်သံတွေပဲ ကြားနေရတယ်၊



သမီးကြီးရယ် ... သမီးကြီး ...

ဘယ်လောက်ဆိုးဆိုး၊

အမေဟာ အမြဲခွင့်လွှတ်ခဲ့ပါတယ်၊

ခုလည်း ခွင့်လွှတ်ဆဲပါပဲ သမီးကြီးရယ်၊

ငါ့သမီးကို သတ်တဲ့လူကို

အမေ ခွင့်မလွှတ်ဘူး၊

ဘယ်တော့မှ ခွင့်မလွှတ်ဘူး မိစောရဲ့၊

ဟီး ... ဟီး ... ဟီး ... ဟီး"

ဒေါ်ဖွားအိုက အိမ်ရှေ့ပြင်ထားတဲ့ ရိပ်ဖြူထမ်းစင်ရှိ မိစောရဲ့အလောင်းဘေး ရှိုက်ကြီးတငင် ငိုကြွေးနေရှာတယ်။

"သွားတဲ့လူလည်း သွားနှင့်ပြီပဲ မဖွားအို၊

တရားနဲ့ဖြေမှ သက်သာလိမ့်မပေါ့၊

ခင်ဗျားမှာက သားသမီးအငယ်တွေ

ရှိနေသေးတယ်လေ၊

အင်း ... မိစော သေဆုံးရခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သာဒင်နဲ့မြေကို မသက်ာဘူးဗျ၊

ဒင်းတို့ ပျောက်နေတယ်၊

ဒါ့ကြောင့် ... ကျုပ်ကိုယ်တိုင်

ဒင်းတို့ကို မသက်ာမှုနဲ့

စခန်းမှာ တိုင်ချက်ဖွင့်ထားပါတယ်၊

ငိုနေလို့မှ မပြီးပဲဗျာ၊

မနက်ဖြန်ဆို မိစောရဲ့အသုဘ

ချရတော့မယ်၊

စိတ်ကို ရအောင်ဖြေစမ်းပါဗျာ"

ကျေးရွာလူကြီး ဦးဘသက်က နှစ်သိမ့်စကားဆိုပေမယ့် ဒေါ်ဖွားအိုကတော့ ငိုလျက်။

မိစောရဲ့နာရေးကိုရောက်နေတဲ့ ရွာသူရွာသားတွေကတော့ မိဘကို ရိုင်းစိုင်းတဲ့ ...

မိစောကို သေတောင်နည်းသေးတယ်လို့ ဝေဖန်အတင်းပြောကုန်ကြတယ်။



ထိုအချိန် မိစောတစ်ယောက် မဟာအဝီစိငရဲရဲ့အတွင်းကျဆုံး ဘင်ပုပ်ငရဲမှာ ကြီးစွာသော ငရဲကျခြင်းနဲ့ ခံစားနေရရှာတယ်။

ကြီးမားလွန်းလှတဲ့ လောက်ကောင်ကြီးတွေဟာ သူမရဲ့အသားတွေကို အသာငမ်းငမ်း ကိုက်ဖြတ်စားသောက်ကြတယ်။

သူမဟာ ဖော်မပြနိုင်လောက်တဲ့ နာကျင်မှုကြောင့် အသံကုန် အော်ဟစ်ငိုယိုနေရရှာတယ်။

"အမေ ... အမေရေ ...

သမီးကို ကယ်ပါဦး အမေရဲ့၊

သမီး ငရဲခံနေရပြီ၊

သမီးအမှားကို သိပါပြီ အမေရဲ့၊

အမေရေ ... အမေ ... အမေ"

ငရဲကျခံနေရတဲ့ မိစောရဲ့အသံက ဒေါ်ဖွားအိုရဲ့နားထဲသဲ့သဲ့မျှ ကြားလိုက်ရတဲ့အခါ ...

"ဟင် ... ငါ ... ငါ့သမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေတယ်၊

သမီးရေ … နင် ဘယ်မှာလဲ၊

အမေ … အမေ လာခေါ်မယ် သမီးရဲ့”

ဒေါ်ဖွားအိုက ငိုသံကြီးနဲ့ ရေရွတ်ရင်း ပြေးလွှားနေတယ်။

နာရေးရှိလူတွေဟာ ဒေါ်ဖွားအိုကို လိုက်လံဆွဲကြရင်း နှစ်သိမ့်စကား ဆိုကြတယ်။

မောင်မွေးနဲ့လုံးလုံးဟာ မိခင်ကိုကြည့်ပြီး စိတ်မကောင်းတဲ့အတွက် ငိုကြွေးကြကုန်တယ်။

နောက်ဆုံး ဘယ်လိုမှထိန်းမရတဲ့အတွက် ရွာဦးကျောင်းဆရာတော်ကို ပင့်ဖိတ်ပြီး ဆရာတော်က တရားချရတော့တယ်။

❒❒❒

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်နေ့ရောက်တော့ ...

မိစောရဲ့အလောင်းကို ရွာနောက်ပိုင်းရှိ သုသာန်မှာ မြေချဖို့ပြင်ကြတယ်။

နေ့လယ်ပိုင်းရောက်တော့ ကြေးစည်သံနဲ့အတူ မိစော



အလောင်းပါတဲ့ ရိပ်ဖြူထမ်းစင်ကြီးက ရှေ့မှ ဦးဆောင်နေသလို အသုဘပို့လူတွေလည်း နောက်မှလိုက်ပါလာကြတယ်။

သုသာန်ရောက်တော့ ဇရပ်မှာ သူမရဲ့အလောင်းကို ရွာကျောင်းဆရာတော်ကြီးက သရဏဂုံတည်ပေးတယ်။

ပြီးတော့ ... အသင့်တူထားတဲ့ မြေကျင်းထဲ အလောင်း မြေချဖို့ ပြင်ကြတယ်။

"နေကြပါဦး ... ငါ့သမီးကြီးရဲ့အလောင်းကို၊

မြေမချကြပါနဲ့ဦး ... ငါ ... ငါ ... သူ့ကို

အဝကြည့်ပါရစေ ... မချကြပါနဲ့နော်"

ဒေါ်ဖွားအိုရဲ့စကားကြောင့် ကျေးရွာလူကြီးဦးဘသက်က သုသာန်စောင့်ကြီးကို မျက်ရိပ်ပြလိုက်တယ်။

သုသာန်စောင့်ကြီးဟာ ဆေးလိပ်ကို ဖွာရှိုက်ရင်း ထိုင်စောင့်နေလိုက်တယ်။

ဒေါ်ဖွားအိုလည်း မိစောရဲ့အလောင်းကိုဖက်ပြီး အားပါးတရ ငိုကြွေးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ဘင်ပုပ်ငရဲကျခံနေရတဲ့ မိစောတစ်ယောက် နေ့ညမရှိတဲ့ ငရဲကြီးထဲ အရှင်လတ်လတ်ကြီး မစင်ကောင်တွေရဲ့ ကိုက်ဖြတ်စားသောက်ခြင်းကို ခံနေရရှာတယ်။

"သရက်ကုန်းရွာသူမိစော ...

ငါတို့နောက် လိုက်ခဲ့စမ်း"

မစင်တွင်းပေါ်က ငရဲတပ်သားတွေရဲ့အပြောကြောင့် မိစော လန့်သွားတယ်။

ဒါပေမဲ့ ... မလွန်ဆန်ဝံ့တာကြောင့် တွင်းကြီးပေါ် တက်လိုက်တယ်။

ငရဲတပ်သားတွေက သူမကို မဟာအဝီစိငရဲမင်းဆီ ခေါ်ဆောင်သွားတယ်။

ထိုနေရာကိုရောက်တဲ့အခါ ငရဲမင်းကြီးက ...

"မိစော ... အသင်ဟာ မိဘကို

စော်ကားရိုင်းစိုင်းတဲ့အတွက်ကြောင့်

မဟာအဝီစိငရဲက ဘင်ပုပ်ငရဲမှာ



ကျခံရခြင်းဖြစ်တယ်၊ သို့ပေမယ့် ... သင်ဟာ

ရဟန္တာတစ်ပါးကို နေ့ဆွမ်းကပ်ခဲ့တဲ့အကျိုးကြောင့်

သင့်ကို ငရဲမှ လွတ်မြောက်ခွင့်ပြုလိုက်ပြီ၊

သင် အမြန်ဆုံး နေရပ်သို့ပြန်စေ"

ငရဲမင်းကြီးရဲ့အမိန့်ကြောင့် မိစော ဝမ်းသာသွားတယ်။

ငရဲတပ်သားက သူမကို ဆွဲခေါ်ပြီး မဟာအဝီစိငရဲက ပြန်လည်ခေါ်ဆောင်ခဲ့တယ်။

ရွာပြန်ရောက်တော့ သုသာန်မှာ သူမရဲ့ရုပ်အလောင်းကို ဖက်ငိုကြွေးနေရှာတဲ့ မိခင်ကို တွေ့လိုက်ရတယ်။

ငရဲတပ်သားက သူမကို ဆောင့်တွန်းလိုက်တဲ့အတွက် သူမဟာ ရုပ်အလောင်းထဲ ပြုတ်ကျသွားတော့တယ်။

"အမေ ... အမေ ... အမေ ... အမေ"

အလောင်းဆီက ထွက်လာတဲ့အသံကြောင့် လူအားလုံး မျက်လုံးပြူးသွားတယ်။ ဒေါ်ဖွားအိုက မျက်လုံးပွင့်လာတဲ့ သမီးဖြစ်သူကိုကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါ့သမီးကြီး ပြန်ရှင်လာပြီ၊

မသေဘူးတော့"

လို့ ဝမ်းသာအားရ အော်ဟစ်လိုက်တယ်။

ထိုသို့ဖြစ်ပြီး နောက်နေ့မှာတော့ ဒေါ်ဖွားအိုရဲ့အိမ်ဝိုင်းထဲ ရွာလုံးကျွတ်နီးပါး စုပြုံရောက်ရှိနေတယ်။

ကျေးရွာလူကြီးဦးဘသက်က မိစောရဲ့ဖြစ်ခဲ့သမျှ အကြောင်းစုံကို နားထောင်ပြီး ...

"တကယ်တော့ ... နင်ဟာ မေ့မြောသွားတာပဲ

မိစော၊ နင့်ကို ကျူးလွန်သွားတဲ့

သာဒင်တို့နှစ်ယောက်ကို သက်ဆိုင်ရာနဲ့

အမြန်ဆုံး ရှာဖွေပေးပါ့မယ်၊

မိဘကို စော်ကားရိုင်းပျရင်

အဝီစိငရဲကျတတ်တယ်ဆိုတာ

တို့တွေ ဇာတ်တွေတွေထဲမှာပဲ

ကြားဖူးကြတယ်၊ ခုလို ...



အပြင်မှာ တကယ်ကြုံရတော့

နင့်အဖြစ်ကို နမူနာယူပြီး နောက်ကလေးတွေ

ရှောင်ရှားနိုင်တာပေါ့၊

နင်လည်း တစ်ခါကြုံခဲ့တဲ့ ငရဲကို

ဘယ်တော့မှ ပြန်မရောက်နိုင်အောင်

ကြိုးစားပါ"

လို့ ဆုံးမစကားဆိုလိုက်တယ်။

မိစောက ကျေးရွာလူကြီးကိုကြည့်ရင်း ...

"စိတ်ချပါ ဦးလေး၊ ဒီနေ့ကစပြီး ...

ကျွန်မ ကိုယ်နှုတ်နှလုံးသုံးပါးလုံး

ကောင်းအောင် နေထိုင်ပါ့မယ်၊

အမေနဲ့မောင်နှမတွေအပေါ်လည်း

လုပ်ကျွေးပြုစုပါ့မယ်ရှင်၊

ကျွန်မ ကိုယ်တွေ့ကြုံခဲ့ရတဲ့

ဘင်ပုပ်ငရဲဟာ သိပ်ကိုကြောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလွန်းပါတယ်"

လို့ ပြောပြီး မိခင်ဖြစ်သူ ဒေါ်ဖွားအိုကို ဖက်ရမ်းနမ်းရှုံ့လိုက်တော့တယ်။

ဒေါ်ဖွားအိုတစ်ယောက် မျက်နှာမှာ အပြုံးပန်းဝေနေသလို ရှာလူကြီးနဲ့ ရွာသားတွေလည်း ပီတိဖြာသွားကြတော့တယ်။

❒❒❒

"ဘင်ပူပင်ရေဲကျချံရတဲ့ မိစော"

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

www.burmeseclassic.com